
မင်းပြုတ်သူရ
နဂါးငြိတော်

# မင်းမြတ်သူရ
# ဆားပုလင်းမင်းအောင်နှင့် နဂါးမြို့တော်
## အပိုင်း (၁)

တစ်နေ့သ၌ ကျွန်ုပ်နှင့် စုံထောက် ဦးပေါ်ဦးကြီးသည် ပျင်းပျင်းရှိသည်နှင့် တရုတ်တန်းရှိ စားသောက်ဆိုင် တစ်ဆိုင်တွင် သွားရောက် စားသောက်ရန် ချိန်းဆိုကြ၏။

ဦးပေါ်ဦးကြီး၏အိမ်သို့ ကျွန်ုပ်၏ ဖို့ဒ်ကားစုတ်ကလေး ရောက်ရှိလာသောအခါ ၎င်းသည် ကားဆီသို့ ရောက်လာပြီး တံခါးကို ဖွင့်နေစဉ် အိမ်ပေါ်မှ ဦးပေါ်ဦး၏ မိန်းမခင်ခင်က ...

"မြို့ထဲရောက်ရင် နဂါးနီသွေးဆေးမှုန့် ဝယ်ခဲ့စမ်းပါ ...."

ဟု မှာကြားလေရာ ဦးပေါ်ဦး၏ မျက်နှာသည် ရှုံ့မဲ့သွားပြီး ....

"ဒီမိန်းမအကျင့်ဟာ တစ်ခုခု မခိုင်းရရင် မကျေနပ်ဘူး"

ဟု တီးတိုးရေရွတ်လေ၏။

ထိုအခါ ကျွန်ုပ်ကရယ်မောရ၍ ....

"ဦးပေါ်ဦးမိန်းမတင် ခိုင်းတာမဟုတ်ဘူးဗျ၊ ကျုပ်မိန်းမ မေကလည်း မြို့ထဲကိုရောက်ရင် ရွှေနဂါးမုန့်တိုက်က ကိတ်မုန့်တစ်လုံး ဝယ်ခဲ့ဖို့ အမှာရှိလိုက်တယ်"

ဟု ပြောလေရာ ဦးပေါ်ဦးက ရယ်မော၍ ...

".... ဟဲဟဲ ... အစကတည်းက အခိုင်းခံရတာချင်း တူနေပြီ"

ဟု ရေရွတ်လိုက်၏။

ကျွန်ုပ်က

"အခိုင်းခံရတာချင်း တူရုံမကဘူး၊ နဂါးချင်းလည်း တူနေပြီ၊ တစ်ယောက်က နဂါးနီတဲ့ တစ်ယောက်က ရွှေနဂါးတဲ့"

ဟုပြောကာ တဟားဟား ရယ်မောလိုက်လေတော့၏။ ကျွန်ုပ်တို့ မောင်းနှင်လာသော ဖို့ဒ်ကားစုတ်ကလေးသည် ဆူးလေဘုရားလမ်းသို့ ရောက်သောအခါ ကားရှေ့တွင် လက်ပြ၍ ရပ်ခိုင်းနေသော အနီရောင် ဆင်တူဝတ် မိန်းမပျိုလေး ငါးယောက်ကို တွေ့ရလေ၏။

ဦးပေါ်ဦး ကြီးက မိန်းကလေးများကို ကြည့်၍ ဝမ်းသာအားရဖြင့် ...

".... ဟိုက် မိန်းမချောလေးတွေဗျို့ ပွတာပဲ ကားကို ရပ်ပေးလိုက်"

ဟု ပြောဆိုလေရာ ကျွန်ုပ်လည်း ကားကိုအရှိန် လျှော့ပေး လိုက်လေ၏။

ဦးပေါ်ဦးကြီးသည် ကားထဲက ခေါင်းပြူထွက်၍ ပြုံးဖြဲဖြဲမျက်နှာဖြင့် ....

"ဟဲဟဲ ... ဘာကိစ္စလဲ ညီမလေးတို့ ကားကြုံလိုက်ချင်လို့လား ....."

ဟု မေးမြန်းလေရာ နှုတ်သွက်လျှာသွက် မိန်းကလေး တစ်ဦးက ....

"ကားကြုံလိုက်ဖို့ မဟုတ်ပါဘူးဦးလေး၊ သမီးတို့ ကုမ္ပဏီကထုတ်တဲ့ ဟောဒီဒရက်ဂွန် ပရုတ်ဆီဘူးလေးတွေကို နမူနာပေးမလို့ပါ"

ဟုပြောလေ၏။

ဦးပေါ်ဦးကြီးက ခေါင်းတဆတ်ဆတ်ညိတ်၍ ...

"ဇက်ကြောတက်နေတာနဲ့ အတော်ပဲဗျာ၊ နမူနာလည်းယူမယ်၊ ပရုတ်ဆီလည်းဝယ်မယ်"

ဟုပြောကာ မိန်းမပျို၏ လက်ထဲမှ ပရုတ်ဆီ အနည်းငယ်ကို ယူ၍

သူ၏ဇက်ကိုပွတ်လေ၏။

ပရုတ်ဆီ သုံးဘူးတိတိကိုလည်း ဝယ်လိုက်သေး၏။ ထိုအခါ မိန်းမပျို ငါး ယောက်အနက် အချောဆုံး မိန်းမပျိုလေးက မျက်လုံးလေး ထောင့်ကပ်၍ ...

"အန်ကယ်ကလည်း ပရုတ်ဆီသုံးဘူးပဲ ဝယ်မှာလား၊ နည်းလိုက်တာ"

ဟု ညုတုတု ဆိုလိုက်ရာ ဦးပေါ်ဦးကြီးသည် တဟီးဟီးရယ်ပြီး။

"ဟီးဟီး ... ညီမလေးက ဘယ်နှဘူး ဝယ်စေချင်လို့လဲ"

ဟု မေးမြန်းလေ၏။

မိန်းမချောလေးက ဦးပေါ်ဦးကြီးကို မျက်လုံးချင်းဆုံအောင် ကြည့်၍ ...

"တစ်ဒါဇင်လောက်ဝယ်ရင် ကောင်းတာပေါ့၊ သမီးတို့မှာ နေပူကြီးထဲမှာ ရောင်းနေရတာ ဘယ်လောက် ပင်ပန်းသလဲ၊ မြန်မြန်ကုန်တော့ မြန်မြန် အနားရတာပေါ့"

ဟုပြောလေရာ ဦးပေါ်ဦးကြီးသည် မငြင်းဆန်တော့ဘဲ ပြုံးဖြဲဖြဲ မျက်နှာပေးနှင့် တစ်ဒါဇင်တိတိ ဝယ်ယူလိုက်လေ၏။

သူသည် မိန်းမချောလေး လက်ထဲသို့ ငွေစက္ကူကိုထည့်ရင်း ....

"ညီမလေးနာမည် ဘယ်လိုခေါ်သလဲ"

ဟု မေးမြန်းလေ၏။

မိန်းမချောလေးက တခစ်ခစ် ရယ်မော၍ ...

"အချို့က ဖြူပြာတဲ့၊ အချို့ကလည်း မူယာတဲ့၊ အိမ်မှာတော့ သူဇာလို့ခေါ် တယ်"

ဟုဖြေလိုက်ရာ ဦးပေါ်ဦးကြီးသည် ကြောင်အမ်းအမ်း ဖြစ်သွားလေ၏။

ထိုအခိုက်မှာပင် နောက်မှ ကားတစ်စီးက ဟွန်းတဂွမ်ဂွမ် တီးနေသဖြင့်

ကျွန်ုပ်လည်း ကားကို မောင်းထွက်လိုက်ရ၏။

ဦးပေါ်ဦးကြီးသည် မိန်းမချောလေးကို သမင်လည်ပြန်ကြည့်၍ နောက်က ကားကို ကျိန်ဆဲလိုက်လေ၏။

ထိုအခါ ကျွန်ုပ်က ဦးပေါ်ဦးလက်ထဲက ပရုတ်ဆီဘူးများကို ကြည့်၍ ...

"ပရုတ်ဆီတွေ ဒီလောက်အများကြီး ဘာလုပ်ဖို့လဲဗျာ"

ဟု အပြစ်တင်လေ၏။

ဦးပေါ်ဦးက

"ဒီမှာအိုင်ပီ၊ ခင်ဗျားဟာ ကိုယ်ချင်းစာစိတ် အတော်ခေါင်းပါးတာပဲ၊ မိန်းကလေးတန်မဲ့ နေပူကြီးထဲမှာ ပရုတ်ဆီ ရောင်းနေရတာ ဘယ်လောက် သနားစရာ ကောင်းသလဲ၊ ကျုပ်ကသူတို့ကို ကူညီတဲ့အနေနဲ့ ဝယ်လိုက်တာ ပါဗျာ၊ အိုင်ပီကိုတောင် ဝယ်ခိုင်းဦးမလို့ နောက်က အလိုက်ကမ်းဆိုး မသိ တဲ့ ကားစုတ်က ဟွန်းတီးနေလို့ဗျ"

ဟု ပြောလေရာ ကျွန်ုပ်လည်း ဇနီးချောမေ၏ မျက်နှာကို မြင်ယောင်မိပြီး အနောက်ကကားကို ကျေးဇူးတင်လိုက်လေ၏။

ဦးပေါ်ဦးက ပရုတ်ဆီဘူးများကို ပိုက်၍ ...

"ကျုပ်တို့အိမ်က မိန်းမကြီးတွေနဲ့ ဆီနဲ့ရေလိုက္ခွာတယ်၊ ရုပ်ကလေးက လည်းချော၊ အသံကလေးကလည်း သာ၊ ဩော် ဖြူပြာ၊ ဖြူပြာ"

ဟု ရေရွတ်နေလေရာ ကျွန်ုပ်သည်၎င်း၏ အမူအရာကိုကြည့်၍ မသိမသာ ခေါင်းယမ်းလိုက်၏။

ဦးပေါ်ဦးကြီးက ပရုတ်ဆီဘူးများကို ကြည့်၍ ...

"ဟိုက်၊ ဒီနေ့နဂါးတွေ တိုက်ဆိုင်နေပါလား၊ ဒရက်ဂွန်ဆိုတော့ နဂါး ပရုတ်ဆီပေါ့"

ဟုဆိုလိုက်ရာ ကျွန်ုပ်လည်း ပရုတ်ဆီဘူးအပေါ်မှ စာကိုဖတ်၍ တအံ့တသြ ဖြစ်သွားလေ၏။

ဦးပေါ်ဦးကြီး တရုတ်တန်းသို့ ရောက်သောအခါ စားသောက်ဆိုင် တစ်ဆိုင်ရှေ့တွင် ကားကို ရပ်ခိုင်းလေ၏။

"ဒီဆိုင်ဖွင့်တာ မကြာသေးဘူးဗျ၊ ဆိုင်ဖွင့်စဆိုတော့ အစားအသောက်တွေ ကောင်းမှာသေချာတယ်၊ ဒီဆိုင်မှာပဲစားမယ်"

ဟုပြောလေ၏။ ထိုအခါ ကျွန်ုပ်လည်း တရုတ်စာနှင့် အင်္ဂလိပ်စာ ရောနှောရေးထားသော စားသောက်ဆိုင်၏ ဆိုင်းဘုတ်ကိုကြည့်၍ ...

"ဟိုက် ဖလိုင်းရင်း ဒရက်ဂွန်ဆိုပါလား၊ နဂါးပျံပေါ့၊ ဒီနေ့ဘာဖြစ်လို့ နဂါးတွေနဲ့ပဲ တိုက်တိုက်ဆိုင်ဆိုင် တွေ့ကြုံနေတာလဲ"

ဟု တအံ့တသြ ရေရွတ်လေ၏။

ဦးပေါ်ဦးကြီးကလည်း ဆိုင်၏ ဆိုင်းဘုတ်ကို မော့ကြည့်၍ ...

"ဟုတ်ပါရဲ့ဗျာ၊ ဘယ်လိုကြောင့် နဂါးတွေနဲ့ လာဆုံနေသလဲ မသိပါဘူး"

ဟု ရေရွတ်လေ၏။

ကျွန်ုပ်တို့ ဆိုင်ထဲသို့ ရောက်သောအခါ စားပွဲထိုးများက ဖော်ရွေစွာ ကြိုဆို၍ စားပွဲတစ်ဝိုင်းသို့ ခေါ်ဆောင်သွားလေ၏။

ဆိုင်ထဲသို့ ရောက်သောအခါ ဦးပေါ်ဦးကြီးက စားပွဲထိုးအား ဘာတွေရနိုင်မလဲဟု မေးမြန်းလေရာ စားပွဲထိုးက အစားအသောက် စာရင်းစာရွက်ကို ပေး၍ ကျွန်ုပ်တို့နှစ်ဦး ခေါင်းချင်းဆိုင်၍ ဖတ်ရှုကြည့်လေရာ နဂါးလက်ဝါး ဟင်းချို၊ နဂါးတောင်နှင်းပန်း အစရှိသည့် နဂါးနှင့်ပတ်သက်သော ထူးထူးဆန်းဆန်း နာမည်များကို တွေ့ရပြီး အနီးတွင် ကွင်းစကွင်းပိတ်ဖြင့် နဂါးလက်ဝါး ဟင်းချိုဆိုသည်မှာ ဝက်ခြေထောက်ကို ဟင်းချို လုပ်ထား

ခြင်း ဖြစ်ကြောင်း တွေ့ရ၏။

ဦးပေါ်ဦးကြီးက ခေါင်းကုတ်၍ စားပွဲထိုးဘက်သို့လှည့်ကာ ...

"မင်းတို့ဆိုင်က ဟင်းတွေကလည်း ထူးထူးခြားခြား နဂါးတွေနဲ့ပဲ စတာပါပဲလား"

ဟု ရေရွတ်လေရာ စားပွဲထိုးက ရယ်မော၍ ...

"ဆိုင်နာမည်ကိုလည်း ကြည့်ဦးလေ ဆရာရဲ့ ဖလိုင်းရင်း ဒရက်ဂွန်ဆိုမှတော့ နဂါးတွေနဲ့ပဲ လာမှာပေါ့"

ဟု ပြောလေ၏။

ထိုအခါ ဦးပေါ်ဦးကြီးသည် ၎င်းစားသောက်ချင်သော အစားအစာများကို မှာယူခဲ့လေ၏။

ခဏအကြာတွင် တရုတ်အစားအစာများ အငွေ့တထောင်းထောင်းနှင့် ရောက်ရှိလာသဖြင့် မြည်းစမ်းကြည့်သောအခါ အရသာ ကောင်းမွန်ကြောင်း တွေ့ရလေ၏။

ဦးပေါ်ဦးကြီးသည် အစားအစာများကို အတန်ကြာအောင် စားသောက်ပြီးနောက် ကျွန်ုပ်အား လေသံတိုးတိုးဖြင့် ...

"ဟေ့လူ၊ ခင်ဗျားနောက်ကို မသိမသာ လှည့်ကြည့်လိုက်စမ်း၊ အသက်ရှည်ဆေးလေး ရောက်နေတယ်"

ဟု ပြောလေရာ ကျွန်ုပ်လည်း ဦးပေါ်ဦးကြီး၏ အကျင့်ကိုသိသဖြင့် လှည့်မကြည့်တော့ဘဲ

"နေစမ်းပါဗျာ အစားအစာတွေကို အရသာခံပြီး၊ အေးအေးဆေးဆေး စားပါရစေ"

ဟု ပြောလေ၏။

ဦးပေါ်ဦးကြီးက ...

"ဟေ့လူ၊ ခင်ဗျားတို့ မကြည့်လိုက်ရ မရှိလေအောင် စေတနာနဲ့ ပြောတာ နော်၊ တကယ်ကို ချောတဲ့ မိန်းမဗျ၊ လှည့်ကြည့်စမ်းပါ၊ ဒါမျိုးကို မြင်ရခဲ တယ်"

ဟု ဆွယ်တရား ဟောပြန်သဖြင့် ကျွန်ုပ်လည်း စားလက်စကိုရပ်၍ နောက်သို့ မသိမသာ လှည့်ကြည့်လေ၏။

ထိုအခါ ရှည်လျားသော ဆံပင်များကို ဖားလျားချထားသော လွန်စွာ ချောမောလှပသည့် မိန်းမပျို တစ်ယောက်ကို တွေ့ရလေ၏။ သူမသည် တူကို ကျွမ်းကျင်စွာကိုင်၍ အသားဖတ်လေးကို လှမ်းအယူတွင် ကျွန်ုပ်နှင့် မျက်လုံးချင်း ဆုံလေရာ ကျွန်ုပ်၏ ရင်ထဲတွင် သိမ့်ခနဲ တုန်သွားလေ၏။

သူမ၏ အသားရောင်သည် ရွှေရောင်ဝင်းနေပြီး မျက်လုံးများမှာ ဝိုင်းစက် ကြည်လင်လှ၏။ နှုတ်ခမ်းအစုံမှာ အနည်းငယ် ထူအမ်းအမ်း ဖြစ်နေ သော်လည်း ထိုနှုတ်ခမ်းများကပင် ညှို့ငင်အား ကောင်းလှ၏။

ကိုယ်လုံးကိုယ်ပေါက်မှာ ထွားကျိုင်း သန်မာဟန်ရှိပြီး ထိုင်နေသော ကိုယ် ဟန်အရ အရပ်မြင့်မားပုံ ရ၏။ သူမသည် ကျွန်ုပ်နှင့် မျက်လုံးချင်း ဆုံပြီး နောက် ကျွန်ုပ်အား ဂရုစိုက်ဟန်မပြဘဲ စားသောက်ဖွယ်ရာ များကိုသာ အရသာခံ၍ စားသောက်နေလေ၏။

ထိုမိန်းမ၏ ပုံသဏ္ဍာန်သည် ကျွန်ုပ်၏ ဇနီးချော မေထက် နှစ်ဆခန့် ချောမောနေသဖြင့် ကျွန်ုပ်လည်း အစားသောက်ကိုပင် ဖြောင့်အောင် မစား နိုင်တော့ပဲ နောက်သို့သာ တစ်ကြိမ်ပြီးတစ်ကြိမ် လှည့်ကြည့်နေမိ၏။ စုံထောက် ဦးပေါ်ဦးကြီးက လေသံတိုးတိုးဖြင့် ...

"ဘယ်လိုလဲဟေ့လူ ကျုပ်ပြောတာကို ယုံပြီမဟုတ်လား၊ သူ့အလှက

ချောမောလှပရုံတင် မဟုတ်ဘူးဗျ၊ ညှို့ငင်အားပါ ကောင်းတယ်၊ သူနဲ့ မျက်လုံးချင်းဆုံရင် ကျုပ်ရင်ထဲမှာ ဓာတ်လိုက်သလို တုန်ခါသွားတယ်"

ဟု ချီးမွမ်းစကား ပြောလိုက်လေ၏။

ခဏကြာလျှင် သူမသည် စားသောက်ပြီးစီး၍ နှုတ်ခမ်းကို လက်သုတ်ပဝါဖြင့် သုတ်လေ၏။ ပြီးနောက် သူမအား မျက်လုံးကျွတ်မတတ် ငေးမောနေသော ကျွန်ုပ်နှင့်စုံထောက် ဦးပေါ်ဦးကြီးကို မနှစ်မြို့ဟန်ဖြင့် ကြည့်၍ စားပွဲထိုးအား လက်ယပ်ခေါ်လိုက်လေ၏။

စားပွဲထိုးကလေးသည် သူမစားသောက်ထားသမျှကို တွက်ချက်နေစဉ် စုံထောက် ဦးပေါ်ဦးကြီး ကလည်း စားပွဲထိုးကိုခေါ်၍ ပိုက်ဆံရှင်းလေ၏။

ကျွန်ုပ်မှာ စားသောက် မပြီးသေးသဖြင့် ဦးပေါ်ဦးဘက်သို့လှည့်ကာ ....

"ဟေ့လူ၊ ဘာလို့ ဒီလောက် သဘောကောင်းပြီး ပိုက်ဆံကို အလောတကြီး ရှင်းနေတာလဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးပေါ်ဦးကြီးက လေသံတိုးတိုးဖြင့် ....

"ဟိုမိန်းမ စားသောက်ပြီးသွားပြီဗျ၊ သူဘယ်မှာ နေသလဲ ဆိုတာကို လိုက်ကြည့်ရအောင်"

ဟုပြောလေ၏။

ချောမောလှပသော မိန်းမသည် ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးကြီး၏ လှုပ်လှုပ်ရှရှ ဖြစ်နေသော အမူအရာကိုကြည့်၍ မျက်စောင်း ထိုးလိုက်လေ၏။

ဦးပေါ်ဦးက လေသံတီးတိုးဖြင့် ...

"နဂါးမျက်စောင်း၊ အကြောင်းသုံးပါး မရွေးဘူးနော်"

ဟု ရေရွတ်လေ၏။

ထို့နောက်တွင်မူ မိန်းမချောလေးသည် စားသောက်ဆိုင်မှ ထွက်၍ လမ်းမပေါ်ရှိ ရထားလုံးတစ်စီးကို ငှားရမ်းနေကြောင်း တွေ့ရလေ၏။ ဦးပေါ်ဦးကြီးသည် ထိုအခြင်းအရာကိုကြည့်၍ ကျွန်ုပ်လက်ထဲမှ ကားသော့ကို ဆတ်ခနဲ ကောက်ယူ၍ ...

"ကျုပ်ကိုယ်တိုင် မောင်းမယ်၊ ဒီလောက်လှတဲ့ မိန်းမကို အလွတ်ပေးလို့ မဖြစ်ဘူး ..."

ဟု ကြုံးဝါးလေ၏။

ကျွန်ုပ်က ခေါင်းကုတ်၍ ....

"နေပါဦး ဦးပေါ်ဦး ဒီမိန်းမရဲ့ လိပ်စာကိုသိလို့ရော ကျုပ်တို့ ဘာလုပ်လို့ရမှာလဲ"

ဟု မေးမြန်းလေ၏။

ထိုအခါ ဦးပေါ်ဦးက ကားတံခါးကို ဝုန်းခနဲပိတ်၍ ကျွန်ုပ်အား သနားစရာသတ္တဝါတစ်ဦးကဲ့သို့ ကြည့်ကာ .....

"ခင်ဗျားအတော် ညံ့သေးတာပဲ၊ ဒီမိန်းမဟာ ကျုပ်တို့နဲ့ အကြည့်ချင်းလည်း အကြိမ်ကြိမ်ဆုံပြီးပြီ၊ ကျုပ်တို့ သဘောကျနေတာလဲ သူသိသွားပြီ၊ နည်းတဲ့အခွင့်အရေး မဟုတ်ဘူးဗျ၊ ယောက်ျားတစ်ယောက် အတွက် ဒါဟာ ရတောင့်ရခဲတဲ့ အခွင့်အရေးပဲ၊ ဒီလောက် အခွင့်အရေးတွေ ရပြီးမှ သူ့ကိုဒီအတိုင်း လွှတ်ပေးလိုက်ရမှာလား"

ဟုပြောဆိုကာ ကားကို ဝူးခနဲ မောင်းထွက်လိုက်လေ၏။

ကျွန်ုပ်က သက်ပြင်းချ၍ ...

"နေပါဦး ဦးပေါ်ဦးရယ်၊ ခင်ဗျားက လူပျိုလေးတစ်ယောက် မဟုတ်ဘူးဆို

တာ မေ့နေပြီလား"

ဟု မေးမြန်းလေ၏။

ဦးပေါ်ဦးကြီးက ကျွန်ုပ်အား ကျောက်ခေတ်လူသား တစ်ယောက်ကဲ့သို့ ကြည့်ကာ ...

"ဒီမှာအိုင်ပီ၊ ဒီနေ့ခေတ်ဟာ ၂၀ ရာစုခေတ်ကို ရောက်နေပြီ၊ ဘိုးတော်ဘုရား လေးဘက်ထောက်တဲ့ ခေတ်မဟုတ်တော့ဘူး၊ မင်းတုန်းမင်းကြီးတောင် မိဖုရားဘယ်နှယောက် ယူထားလဲ သိရဲ့လား၊ အိုင်ပီကိုရှင်းရတာ အာပေါက်တယ်၊ ရထားလုံးကို မျက်ခြည်ပြတ်သွားမယ်"

ဟုပြောကာ ကားကို အာရုံစိုက်၍ မောင်းနှင်လေ၏။

ကျွန်ုပ်လည်း ခေါင်းကိုကုတ်၍ ဦးပေါ်ဦးကြီးကို နားမလည်ဟန်ဖြင့် ကြည့်လေ၏။

ဦးပေါ်ဦးသည် မိန်းမချောလေး၏ ရထားလုံးနောက်သို့ ကားကို မနှေးမမြန်မောင်း၍ လိုက်ခဲ့လေ၏။

ကန်တော်ကြီးစောင်းသို့ ရောက်သောအခါ လမ်းဖြတ်တစ်စုမှ နဂါးကြီးတစ်ကောင်သည် ကျွန်ုပ်တို့ ကားရှေ့သို့ မမျှော်လင့်ဘဲ ရောက်ရှိလာလေရာ ဦးပေါ်ဦးကြီးသည် ယောင်ယမ်း၍ ဘရိတ်ကို အုပ်လိုက်လေ၏။

နဂါးကြီးမှာ တရုတ်လူငယ်လေးများက လှည့်လည်ကပြသော နဂါးအဖွဲ့ပင်ဖြစ်၏။

တရုတ်နဂါးအဖွဲ့၏ နောက်မှ တရုတ်လူငယ်လေးများက တရုတ်ဆိုင်းကို ဆူညံစွာ တီးခတ်နေလေ၏။

ဦးပေါ်ဦးကြီးသည် မိန်းမချောလေးကို မျက်ခြည်ပြတ်မှာ စိုးသဖြင့် ကားဟွန်းကို တပွမ်ပွမ်တီး၍ လမ်းဖယ်ခိုင်းလေ၏။

တရုတ်နဂါးအဖွဲ့က ပျော်ရွှင်ဟန်ဖြင့် လမ်းဖယ်မပေးဘဲ တရုတ်နဂါးအက ကို ဆက်လက်၍ ကနေလေ၏။

ဦးပေါ်ဦးကြီးသည် စိတ်ပျက်လက်ပျက်ဖြင့် ခေါင်းခါယမ်းလိုက်ပြီး ...

"သွားပါပြီဗျာ၊ ဒီတရုတ်စုတ်လေး တွေကြောင့် ကျုပ်ရဲ့မဟာစီမံကိန်းကြီး တော့ ပျက်ပါပြီဗျာ"

ဟု ညည်းညူလေ၏။

ကျွန်ုပ်လည်း ကားပေါ်မှဆင်း၍ တရုတ်နဂါးအဖွဲ့ကို ပိုက်ဆံ လှူလိုက် သောအခါ နဂါးအဖွဲ့သည် ကားရှေ့မှ ထွက်ခွာသွားလေ၏။

ဦးပေါ်ဦးကြီးသည် ကားကို ဂူးခနဲ မောင်းထွက်၍ ရထားလုံးနောက်သို့ လိုက်ရန်ပြင်သော်လည်း ကန်တော်ကြီးကို လွန်သောအခါ ရထားလုံးသုံးစီး ကို မြင်ရသဖြင့် မည်သည့် ရထားလုံးကို လိုက်ရမှန်း မသိဘဲ ကားကို ဘရိတ်အုပ်၍ လက်လျှော့လိုက်လေ၏။ ပြီးနောက် ...

"တော်ပြီဗျာ၊ ကျုပ်ကားမမောင်း ချင်တော့ဘူး အပြန်လမ်းကို ခင်ဗျားပဲ မောင်းပေတော့"

ဟုပြောကာ ကားပေါ်မှဆင်း၍ နေရာပြောင်းလေ၏။ ကျွန်ုပ်က ရယ်မော၍ ...

"စိတ်လျှော့လိုက်ပါ ဦးပေါ်ဦးရယ်၊ ဒီလိုပဲ ဖြစ်သင့်ပါတယ်၊ ကျုပ်တို့ အိမ် ပြန်ရမှာ စောနေသေးတယ်၊ ကိုမင်းအောင်အိမ်ကို ဝင်ကြရအောင်"

ဟုဆိုကာ ဆားပုလင်းမင်းအောင် နေထိုင်ရာ အမှတ် ၇၊ အသောကလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ထွက်ခဲ့လေ၏။

ကိုမင်းအောင်၏ နေအိမ်သို့ ရောက်သောအခါ စာအုပ်ထူကြီး တစ်အုပ်ကို ဖတ်ရှု၍နေသော ဆားပုလင်းမင်းအောင်ကို တွေ့ရလေ၏။ ကိုမင်းအောင်

က ကျွန်ုပ်တို့ကို ဆီးကြို၍ ...

"လာဗျို့ ဒီနေ့တော့ ပျင်းပျင်းရှိတာနဲ့ အရှေ့တိုင်းက နဂါးအယူအဆတွေ အကြောင်း ရေးထားတဲ့ စာအုပ်ကို ဖတ်နေတာဗျ"

ဟုပြောလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် တအံ့တသြဖြင့် သံပြိုင် ...

"နဂါး ..."

ဟု ရေရွတ်လိုက်လေတော့၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"ဟုတ်တယ်ဗျ၊ နဂါးနဲ့ပတ်သက်ပြီး အရှေ့တိုင်းမှာ အယူအဆ အမျိုးမျိုး လွဲနေတယ် အိမ်နီးချင်း နိုင်ငံတစ်ခုက အယူအဆ အရတော့ နဂါးတွေဟာ ရန်မလိုတတ်ဘူး၊ ကိုယ့်ကို ရန်စတဲ့သူရှိမှ ပြန်တိုက်လေ့ရှိတယ်၊ နဂါးဟာ မြွေနဲ့တူပြီး များသောအားဖြင့် ဦးခေါင်းများစွာပါပြီး ရှည်လျား တွန့်လိပ်တဲ့ အမြီးပါတယ်၊ ခြေထောက်မပါဘူး"

ဟုပြောလေရာ ကျွန်ုပ်က ...

"တရုတ်တွေဟာ နဂါးကို အတော်အလေး အမြတ်ထားကြတယ်၊ သူတို့ရဲ့ နဂါးကရော ဘယ်လိုလဲဗျ ..."

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ...

"တရုတ်တွေရဲ့ (Dragon) ဆိုတဲ့ နဂါးကတော့ တစ်မျိုးဗျ တရုတ်နဂါးဟာ မြွေခန္ဓာကိုယ်မျိုး ရှိပြီး ခြေလက်အစုံပါပြီး ခြေသည်း၊ လက်သည်းတွေပါ တယ်၊ ကိုယ်ပေါ်မှာ အကြေးခွံတွေပါတယ်၊ ဦးခေါင်းမှာမူ ချိုရှိတယ်၊ နှာဝ ကနေ မီးတောက်မီးလျှံတွေ ထုတ်ပေးနိုင်တယ်၊ တရုတ်တွေရဲ့ အယူအဆ အရ နဂါးတွေဟာ တန်ခိုးရှိတဲ့အတွက် ကိုယ်ယောင် ဖျောက်လို့ရတယ်၊

ကိုယ်ခန္ဓာကို ကြီးချင်ရင် ကြီးလို့ရသလို သေးချင်ရင်လည်း ပိုးချည်မျှင်ကလေးလောက် သေးလို့ရတယ်လို့ အယူရှိကြတယ် နဂါးအယူအဆတွေ ဘယ်လောက်ပင် ကွဲပြားပါစေ၊ နဂါးတွေဟာ ရာသီဥတု ကောင်းခြင်း၊ မိုးရွာခြင်း ကောက်ပဲသီးနှံ ပေါကြွယ်ဝခြင်းတို့နဲ့ ဆက်စပ်နေတာတော့ အတူတူပါပဲဗျာ၊ တရုတ်တွေရဲ့ ရှေးဟောင်းကျမ်း အလိုအရ အကြေးခွံပါတဲ့ တိရစ္ဆာန် (၃၆၀) ရှိတဲ့အနက် နဂါးဟာ နံပါတ်တစ်နေရာမှာ အလေးမြတ်ထားရတဲ့ သတ္တဝါပဲ၊ နဂါးတွေဟာ မြေအောက်ကမ္ဘာမှာ နေပြီး တိမ်မြုပ်ပျောက်ကွယ်နေတဲ့ ရတနာတွေကို စောင့်ရှောက်ကြတယ်၊ လူ့ပြည်ကို လူယောင်ဆောင်ပြီး မကြာခဏ လာလေ့ရှိတယ်လို့ အယူအဆရှိတယ်"

... ဟုပြောလေရာ ဦးပေါ်ဦးကြီးက မျက်မှောင်ကြုတ်၍ ...

"နေပါဦး ကိုမင်းအောင်၊ တရုတ်တွေက နှစ်ကူးတဲ့ အချိန်ဆိုရင် ဘာလို့ နဂါးအက ကရတာလဲ"

ဟု မကျေမနပ် မေးမြန်းလေတော့၏။ ဆားပုလင်း မင်းအောင်က ....

"တရုတ်ရှေးဟောင်းကျမ်း အယူအဆအရ နဂါးဟာ အရှေ့အရပ်ကို စိုးမိုးတယ်၊ အရှေ့အရပ်ဟာ မိုးရွာခြင်း၊ ရာသီဥတု ကောင်းမွန်ခြင်းတို့နဲ့ ပတ်သက်တယ်၊ နဂါးဟာ ဆောင်းရာသီ တစ်လျှောက်လုံး မြေကြီးအောက်မှာနေပြီး တရုတ်နှစ်ရဲ့ ဒုတိယလ၊ ဒုတိယရက်မှာ မြေကနေ ကောင်းကင်ကို ပျံတက်တယ်၊ နဂါးကောင်းကင်ကို ပျံတဲ့အခါ မိုးတိမ်တွေကို စီးနင်းသွားတဲ့အတွက် လူတွေ မမြင်နိုင်ဘူး၊ နဂါးဟာ တိမ်တွေပေါ်မှာ ပုလဲလုံးကို ကစားတဲ့အခါ မိုးခြိမ်းပြီး မိုးရွာခြင်းကို ဖြစ်ပေါ်စေတယ်၊ ဒါကြောင့် ရာသီဥတု ကောင်းအောင် နဂါးက ရတာပဲဗျ...."

ဟု ပြောလေရာ ကျွန်ုပ်က ဝင်ရောက်၍ ...

"သြော် ... ဒါကြောင့် တရုတ်ရှေးဟောင်း ပန်းချီကားတွေမှာ နဂါးနှစ်

ကောင်ဟာ တိမ်ပေါ်မှာ ပုလဲလုံး ကစားနေတဲ့ပုံ ရေးလေ့ရှိတာကိုး၊ မသိပါဘူးဗျာ၊ ကျွန်တော်က နဂါးနှစ်ကောင် ဘောလုံး ကစားနေတယ် ထင်လို့...."

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ရယ်မော၍ ....

"တရုတ်တွေဟာ နှစ်သစ်ကူးချိန်နဲ့ မင်္ဂလာ အခမ်းအနားတွေမှာ နဂါးက လေ့ ရှိတယ်ဗျ၊ နဂါးကခြင်းအားဖြင့် ရာသီဥတု ကောင်းမွန်ပြီး ဥစ္စာစီးပွား အောင်မြင်ဖြစ်ထွန်းမယ်လို့ အယူရှိတဲ့အတွက် နဂါးဟာ မင်္ဂလာ ရှိတာပေ့ါဗျာ၊ တရုတ်အယူအဆအရ နဂါးနဲ့ ဖီးနစ်ငှက် (ဖိုဝင်ငှက်ကို ယှဉ်တွဲပြီးရင် မင်္ဂလာစုံတွဲလို့ အယူရှိတယ်ဗျ ယောက်ျားနဲ့မိန်းမ ချစ်ခြင်းမေတ္တာရဲ့ သင်္ကေတပေ့ါဗျာ၊ မျောက်မင်း စွန်းဂူခုန်း ပါဝင်တဲ့ အနောက်သို့ ခရီးသွားခြင်း မှတ်တမ်းမှာ နဂါးတွေနဲ့ ပတ်သက်ပြီး အတော်လေး ဖော်ပြထားတယ်ဗျ"

ဟုပြောလေရာ စုံထောက် ဦးပေါ်ဦးကြီးကဝင်၍ ...

"ဒါဆိုရင် တရုတ်နဂါးနဲ့ အိမ်နီးချင်းနိုင်ငံတွေက နဂါးအယူအဆ ကွဲပြားနေတာပေ့ါ"

ဟု မှတ်ချက်ချလေ၏၊

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"ဟုတ်တယ်၊ ကွဲပြားနေတယ်၊ ကျုပ်တို့ မြန်မာတွေမှာတော့ ခြေလက်မပါရင် နဂါးလို့ အယူရှိပြီး ခြေလက်ပါတဲ့ သတ္တဝါကို နယားလို့ ဆိုပြန်တယ်၊ ဆိုင်းဝိုင်းတွေမှာ တိုးနယားရုပ်ကို မြင်ဖူးတယ် မဟုတ်လား၊ တိုးနယားရုပ်ဟာ တိုးသတ္တဝါနဲ့ နယားသတ္တဝါကို ပေါင်းစပ်ပြီး ရေးဆွဲထားတယ်ဗျ၊ နောက်ပြီး ကျုပ်တို့မြန်မာတွေမှာ နဂါးနဲ့ပတ်သက်ပြီး မောင်ပေါက်ကျိုင်း၊ ဒဏ္ဍာရီက ထင်ရှားတယ်၊ ဒီလိုပဲ အိမ်နီးချင်းနိုင်ငံက ဒဏ္ဍာရီက မောင်

ပေါက်ကျိုင်း ဒဏ္ဍာရီနဲ့ အတော်လေး ဆင်တူနေတယ်၊ ဒါပေမဲ့ သူတို့ ဒဏ္ဍာရီကပိုပြီး ခံစားမှုပါတယ်၊ မိန်းမသားတွေရဲ့ လိုချင်တပ်မက်စိတ်နဲ့ လောဘကိုလည်း ပေါ်လွင်အောင် ဖော်ပြထားတယ်ဗျ ...."

ဟုပြောလေရာ ဦးပေါ်ဦးကြီးက ဝမ်းသာအားရ လက်ဖျစ်တီး၍

"ဟုတ်ပြီ၊ မိန်းမတွေရဲ့ လောဘစိတ်ကို ပေါ်လွင်စေတယ်ဆိုရင် အမြန်ဆုံး ပြောစမ်းပါဗျ၊ ကျုပ်အိမ်က မိန်းမကြီးကို ပြောပြချင်လွန်းလို့"

ဟု ပြောလေ၏။

ဆားပုလင်းမင်းအောင်က စီးကရက် တစ်လိပ်ကို မီးညှိဖွာရှိုက်၍ ...

"တစ်ခါတုန်းက ဗန္တိတဆိုတဲ့ လူငယ်လေးတစ်ဦးဟာ ခရီးလှည့်လည်ရင်း လော့ဗူရီ နေပြည်တော်ကို ရောက်တော့ ရှင်ဘုရင်မရှိတဲ့ အဖြစ်ကို တွေ့ရတယ်၊ ဒီတော့ ဗန္တိကဟာ ဘုရင်မရှိတဲ့ အကြောင်းကို စားသောက်ဆိုင် တစ်ဆိုင်မှာ စူးစမ်းကြည့်တော့ စားသောက်ဆိုင် ပိုင်ရှင်က တို့တိုင်းပြည်မှာ ဘုရင်မရှိလို့ မင်းမဲ့တိုင်းပြည် ဖြစ်နေကာ ဝမ်းနည်းဖို့အလွန်ကောင်းတယ်"

လို့ ပြောတယ်။

ဒီတော့ ဗန္တိတက ...

"ဘာဖြစ်လို့ ဘုရင်မရှိတာလဲ"

လို့ မေးလိုက်တယ်...။

စားသောက်ဆိုင် ပိုင်ရှင်က ...

"တို့တိုင်းပြည်မှာ ဘုရင်ဖြစ်ရင် ဘုရင်ဟာ တစ်ညပဲနန်းစံရတယ် နောက်နေ့ကျရင် အနိစ္စရောက်ပြီး ကံတော်ကုန်တော့တာပဲ၊ ဒါကြောင့် တိုင်းသူပြည်သားတွေဟာ ဘုရင်ဖြစ်မယ့်လူကို စောင့်မျှော်နေကြတာ"

လို့ ပြောတယ်၊ ဒီအခါမှာ ဗန္ဓိတက ...

"ဒါဆိုရင် ကျွန်တော် ဘုရင်လုပ်ရင် ရမလားလို့မေးတယ်၊ ဒီတော့ စားသောက်ဆိုင်ပိုင်ရှင်က ရယ်မောပြီး ဘုရင်လုပ်မဲ့လူကို တိုင်းသူပြည်သားတွေက ဝမ်းသာအားရ ကြိုဆိုနေတယ်ကွ၊ ကိုယ့်အသက်ကို မနှမြောရင်တော့ လုပ်ပေါ့ကွာ"

လို့ ပြောတယ် ...။

ဗန္ဓိတဟာ ဉာဏ်ကောင်းတဲ့ လူငယ်တစ်ယောက် ဖြစ်တာမို့ ဒီကိစ္စကို သေသေချာချာ စဉ်းစား ဆင်ခြင်ကြည့်ရင် တရားခံကို အမိဖမ်းနိုင်မယ်လို့ ယုံကြည်တယ်၊ ဒါကြောင့် နန်းတော်ထဲကိုသွားပြီး ရှင်ဘုရင်လုပ်မဲ့ အကြောင်း ပြောလိုက်တော့ နန်းတော်သူ၊ နန်းတော်သားတွေက ဝမ်းသာ အားရ ဖြစ်သွားတယ်။ နန်းတွင်း သူလေးတွေဟာ ဗန္ဓိတကို အမွှေး နံ့သာတွေနဲ့ ရေချိုးပေးပြီး မင်းမြောက်တန်ဆာတွေ ဝတ်ဆင်ပေးတယ်၊ ပြီး တော့ ရာဇပလ္လင်ပေါ်မှာ ခံစားစံစားပြီး နေထိုင်စေတယ်၊ နန်းတွင်းသူ လေး တွေဟာ မင်းဝတ်တန်ဆာတွေနဲ့ ခံ့ညားနေတဲ့ ဗန္ဓိတကိုကြည့်ပြီး ဗန္ဓိ တိတဟာ တကယ် ရဲစွမ်းသတ္တိရှိပြီး မင်းကောင်းမင်းမြတ် တစ်ယောက်ရဲ့ ဥပဓိရုပ်ရှိတယ်နော်၊ ဒါပေမဲ့ သူ မနက်ဖြန်ကျရင် နတ်ရွာစံ ကံတော်ကုန် တော့မှာပဲလို့ နှမြောတသစွာ ပြောဆိုကြတယ်၊ ဒါပေမဲ့ ဗန္ဓိတဟာ အရည်အချင်း ရှိတဲ့သူဆိုတော့ နန်းတော်ထဲက အရေးပါတဲ့ မှူးမတ်တွေကို ခေါ်ပြီး ရှေးမင်းတွေ နတ်ရွာစံတဲ့ အကြောင်းကို မေးမြန်းတယ်၊ ဒီအခါမှာ မှူးမတ်တွေရဲ့ အဆိုအရ နန်းတော်ထဲမှာ တစ်ညအိပ်ပြီး နောက်တစ်နေ့ ဘုရင်ကို မြင်ရတဲ့အခါ အလောင်းတော်က မီးသွေးခဲလို မည်းနက်နေ ကြောင်း သိရတယ်၊ ဗန္ဓိတဟာ ဒီအကြောင်းကို သေသေချာချာ စဉ်းစားဆင်ခြင်ပြီး ဘုရင်တွေဟာ နဂါးကြောင့် နတ်ရွာစံတာ ဖြစ်မယ်လို့

စဉ်းစားမိတယ်၊ ဒါကြောင့် မှူးမတ်တွေကိုခေါ်ပြီး ဓားကောင်းတစ်လက်နဲ့ ငှက်ပျောတုံး တစ်တုံးကို တောင်းလိုက်တယ်၊ မှူးမတ်တွေကတော့ တစ်ည သာစံရမယ့် ဘုရင်ငယ်လေးကို သနားကရုဏာ သက်နေကြတယ်၊ ညဘက် အိပ်ဆောင်ကိုဝင်တော့ ဗန္ဓိဟာ သလွန်တော်ပေါ်မှာ ငှက်ပျောတုံးတင် ပြီး နန်းဝတ်နန်းစားတွေကို ဝတ်ဆင်ပေးထားတယ်၊ ပြီးတော့ ဓားတစ် ချောင်းကို ကိုင်ပြီး သလွန်နောက်က စောင့်နေတယ်၊ ညသန်းခေါင်လည်း ရောက်ရော သူထင်ထားတဲ့အတိုင်း နဂါးမင်း ရောက်လာပြီး သလွန်တော် ပေါ်မှာ ရှိနေတဲ့ ငှက်ပျောတုံးကို ဗန္ဓိတ အမှတ်နဲ့ ဒေါသတကြီး ပေါက် ချလိုက်တယ်၊ ဒီတော့မှ ဗန္ဓိတက နဂါးမင်းကို ဓားနဲ့ သုံးပိုင်းပိုင်းပြီး သလွန်တော်ပေါ်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုက်သတဲ့၊ မနက်မိုးလင်းတော့ မှူးမတ်တွေဟာ သလွန်တော်မှာ အေးအေးဆေးဆေး အိပ်ပျော်နေတဲ့ ဗန္ဓိတကိုကြည့်ပြီး ဝမ်းသာအားရနဲ့ ဘုန်းကံနဲ့ ပြည့်စုံတဲ့ မင်းကောင်းမင်း မြတ်ကို ရပြီလို့ ကြွေးကြော်လိုက်သတဲ့ ထိုအခါ ကျွန်ုပ်ကဝင်၍ ....

"မောင်ပေါက်ကျိုင်း ဒဏ္ဍာရီနဲ့ ကိုမင်းအောင်ရဲ့ ဒဏ္ဍာရီက အတူတူပါပဲ လား"

ဟု ရေရွတ်လေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"အရှေ့ပိုင်းတူပေမဲ့ နောက်ပိုင်းတော့ သူတို့ဒဏ္ဍာရီက ခံစားမှုပါတယ်ဗျ နားထောင်ကြည့်ပါဦး"

ဟု ပြောလေတော့၏။

ထိုအခါ စုံထောက်ဦးပေါ်ဦးကြီးက ...

"မိန်းမတွေရဲ့ အလိုလောဘကြီးပုံကို ပေါ်လွင်တယ်ဆိုလို့ ကျုပ်က သိပ်

စိတ်ဝင် စေတာဗျ"

ဟုပြောလေ၏။ ဆားပုလင်းမင်းအောင်က ဆက်လက်၍ ....

"တကယ်တော့ နဂါးမင်းဟာ မောင်ပေါက်ကျိုင်း ဒဏ္ဍာရီလိုပါပဲ၊ သူဟာ မိဖုရားနဲ့ ချစ်သူဖြစ်နေတော့ နန်းတက်လာတဲ့ မင်းတွေကို သတ်ဖြတ်ခဲ့တာ ဖြစ်တယ်၊ မိဖုရားဟာ နဂါးမင်းအတွက် ပူဆွေးသောက ရောက်ပေမဲ့ ပျော်ရွှင်တဲ့ပုံစံဖမ်းပြီး နေခဲ့တယ်၊ နောက်တော့ ချစ်သူနဂါးမင်းအတွက် ကလဲ့စားချေလိုတာနဲ့ ပဟေဠိတစ်ပုဒ်ကို ဗန္ဓုတကို ပေးခဲ့တယ်၊ ဗန္ဓုတိတ မဖြေနိုင်ရင် ခေါင်းအဖြတ်ခံရမယ်၊ ဖြေနိုင်ခဲ့ရင် မိဖုရားကို ခေါင်းဖြတ်ရမယ်လို့ ဆိုတယ်၊ မိဖုရားရဲ့ ပဟေဠိကတော့ မောင်ပေါက်ကျိုင်းနဲ့ အတူတူပါပဲ ..."

"ထောင်ပေးလို့ဆုတ်၊ ရာပေးလို့ချုပ်၊ ချစ်သူအရိုးကို ဆံထိုးလုပ်တဲ့"

ဗန္ဓုတဟာ ပဟေဠိကို အမျိုးမျိုး စဉ်းစားဆင်ခြင်နေတုန်း ပဟေဠိကို ဖြေရမယ့် သုံးရက်ပြည့်တဲ့ နံနက်မှာ ကျီးကန်းတွေရဲ့ စကားပြောသံက အဖြေကို သိနားလည်သွားခဲ့တယ်၊ ဖိဖုရားကြီးဟာ ...

"နဂါးမင်းကို အသပြာ တစ်ထောင်ပေးပြီး အရေထုတ်တယ်၊ အသပြာ တစ်ရာပေးပြီး ခေါင်းအုံးချုပ်တယ်၊ နဂါးမင်းရဲ့အရိုးကို ဆံထိုးလုပ်တယ်"

လို့ ဖြေလိုက်တဲ့အခါမှာ မိဖုရားဟာ ပဟေဠိကို ဗန္ဓုက မှန်ကန်အောင် ဖြေနိုင်တဲ့အတွက် ထိတ်လန့် အံ့သြသွားတယ်၊ ပြီးတော့မှ ချုံးပွဲချငိုပြီး ...

"အရှင်မင်းကြီး ကျွန်တော်မျိုးမရဲ့ခေါင်းကို ဖြတ်ပါတော့"

လို့ဆိုခဲ့တယ်၊ ဒါပေမဲ့ မိဖုရားဟာ အလွန်ချောမောလှပပြီး စွဲမက်ဖွယ် ကောင်းတဲ့အတွက် ဗန္ဓုတဟာ မသတ်ရက်ဘူး၊ သူဟာ မိဖုရားကို ချစ်မိနေပြီလေ၊ ဒါကြောင့် ချစ်ခြင်းမေတ္တာရဲ့ လေးနက်ပြီး သစ္စာမြဲပုံကို မိဖုရား

သိစေလိုတဲ့အတွက် မှူးမတ်တွေကိုခေါ်ပြီး တိုင်းပြည်မှာ အဆင်းရဲဆုံး လူကိုရှာပြီး ရှေ့တော်သွင်းစေလို့ အမိန့်ပေးလိုက်တယ်၊ အဆင်းရဲဆုံးလူ ရှေ့တော်မှောက်ကို ရောက်တဲ့အခါ သူ့ရဲ့ လက်သုံးတော် ဓားကိုပေးအပ်ပြီး ...

"သူ့ဇနီးရဲ့ ဦးခေါင်းကို ဖြတ်ယူလာပေးရင် အိမ်ရှေ့အရာ ပေးမယ်လို့ ဆိုလိုက်သတဲ့" ...

ဟုပြောလိုက်ရာ ဦးပေါ်ဦးကြီးက သက်ပြင်းချ၍ ...

"အင်း ... စေခိုင်းချက်ကတော့ အတော်ပြင်းထန်တာပဲ၊ အဲဒီဆင်းရဲသားနေရာမှာ ကျုပ်ဆိုရင်တောင် အိမ်ရှေ့မင်းသား မဖြစ်ရင် နေပါစေဗျာ၊ မိန်းမခေါင်းတော့ မဖြတ်ရက်ပါဘူး"

ဟု ရေရွတ်လေ၏။

ကျွန်ုပ်က လက်မထောင်၍ ...

"ဦးပေါ်ဦးကြီး အမြင်မှန်ရလာပြီ"

ဟု ချီးကျူးလိုက်လေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်က ဆက်လက်၍ ....

"အဲဒီတုန်းက သူဆင်းရဲဟာလည်း ဦးပေါ်ဦးကြီး ပြောခဲ့သလိုပဲ၊ ဘုရင်ကို ဖြေကြားခဲ့တယ်ဗျာ"

အဆင်းရဲဆုံးလူက ...

"အရှင်မင်းကြီး ကျွန်တော်မျိုး အိမ်ရှေ့မင်းသား မဖြစ်ရင် နေပါစေ၊ ချစ်ဇနီးရဲ့ ဦးခေါင်းကိုတော့ အရှင်လတ်လတ် မဖြတ်ရက်ပါဘူး၊ ကျွန်တော်မျိုးနဲ့ အိမ်သူဇနီးရဲ့ ချစ်ခြင်းမေတ္တာ တရားက ခိုင်မြဲပါတယ်၊ သံယောဇဉ်ကြိုးကို ဘယ်အရာနဲ့မှ ပိုင်းဖြတ်လို့ မရပါဘူး၊ ကျွန်တော်မျိုးဟာ တိုင်းပြည်မှာ အဆင်းရဲဆုံး ဖြစ်နေပေမဲ့ ချစ်ဇနီးနဲ့အတူ အေးအတူပူအမျှ နေထိုင်ရတာ

ကို ပျော်ရွှင်ပါတယ်၊ အိမ်ရှေ့မင်း အရာကိုလည်း မမက်မောပါဘူး၊ ကျွန်တော်မျိုးဘဝမှာ ချစ်ဇနီး မရှိတော့ဘူးဆိုရင် ကန္တာရလို ပူပြင်းခြောက်သွေ့သွားမှာပါ"

လို့ပြောခဲ့တယ်...

ဘုရင်ဟာ အဆင်းရဲဆုံးလူရဲ့ စကားကို နားထောင်ပြီး ကျေနပ်အားရတော် မူခဲ့တယ်၊ ဒီလိုနဲ့ အဆင်းရဲဆုံးလူရဲ့ ဇနီးကို နန်းတော်ကို အခေါ်လွှတ်လိုက်ပြန်တယ်၊ ပြီးတော့ သူ့ရဲ့လက်သုံးတော် ဓားကိုအပ်ပြီး လင်ယောကျ်ားရဲ့ ဦးခေါင်းကို ဖြတ်ယူလာရင် မိဖုရား မြှောက်မယ်လို့ ပြောခဲ့တယ်၊ ဒီအခါမှာ သူဆင်းရဲမိန်းမဟာ ဝမ်းသာအားရနဲ့ သူနေထိုင်ရာ တဲအိမ်ကိုပြန်ပြီး၊ လင်ယောကျ်ားရဲ့ ဦးခေါင်းကိုဖြတ်တယ်၊ ပြီးတော့ ဘုရင်ရှေ့တော်မှောက်ကို ဆက်သလိုက်တယ်၊ ဒီအခါမှာ ဘုရင်က ဝမ်းနည်းစွာနဲ့ မိဖုရားကို မိန့်ကြားလိုက်တယ် ...

"မိဖုရား၊ သူဆင်းရဲမိန်းမကို ရှုလော့၊ မိဖုရား ဖြစ်ချင်တာနဲ့ သူ့အပေါ်မှာ သစ္စာထားပြီး ချစ်မြတ်နိုးတဲ့ လင်ယောကျ်ားရဲ့ ဦးခေါင်းကို ရက်ရက်စက်စက် ဖြတ်ယူလာခဲ့တယ်၊ ချစ်ခြင်းမေတ္တာကို တန်ဖိုးထားတဲ့ လင်ယောကျ်ားကတော့ ဇနီးရဲ့ ခေါင်းကိုဖြတ်ဖို့ ငြင်းဆန်ခဲ့တယ်၊ တကယ်တော့ မိဖုရားဟာလည်း ပဟေဠိပုစ္ဆာကို ကျွန်ုပ်မဖြေနိုင်ရင် ကျွန်ုပ်ရဲ့ခေါင်းကို ဖြတ်မှာ သေချာပါတယ်၊ ကျွန်ုပ်ကတော့ သင့်ကိုချစ်တဲ့အတွက် မသတ်ရက်ပါဘူး"

လို့ပြောပြီး မိဖုရားကို အသက်ထက်ဆုံး ပေါင်းသင်းနေထိုင်ပြီး လောဗူရီနေပြည်တော်ကို အုပ်ချုပ် မင်းလုပ်ခဲ့တယ်"

ဟုပြောကာ သူ၏ဒဏ္ဍာရီကို အဆုံးသတ်လိုက်လေ၏။

ဆားပုလင်း မင်းအောင်၏ စကားဆုံးသည်နှင့် ဦးပေါ်ဦးက

လက်ဖျစ်တီး၍ ...

"ဟုတ်ပြီ၊ ကျုပ်တို့ မိန်းမတွေနဲ့တွေ့ရင် ဒီပုံပြင်ကို ပြောပြပြီး အမှတ်ယူရမယ် ...."

ဟုပြောလေတော့၏။

ကျွန်ုပ်ကမူ ဒဏ္ဍာရီထဲရှိ သူဆင်းရဲယောကျ်ားနှင့် မိန်းမကွာခြားပုံကို တွေးတောနေမိ၏။

ဒဏ္ဍာရီထဲရှိ ယောကျ်ားသည် မိန်းမအပေါ် သစ္စာရှိသလောက် မိန်းမက ယောကျ်ားအပေါ် သစ္စာမဲ့လှ၏။

မိန်းမတို့သည် ယောကျ်ားတို့ထက် သစ္စာတရားကို အလေးမထားတတ်လေ သလားဟု တွေးတောနေလေ၏။ ဆားပုလင်း မင်းအောင်က ကျွန်ုပ်၏ ပခုံးကိုပုတ်၍ ...

"ဒီပြဿနာကို မစဉ်းစားပါနဲ့ အိုင်ပီရယ် ယောကျ်ားပဲဖြစ်ဖြစ်၊ မိန်းမပဲဖြစ်ဖြစ် သစ္စာမဲ့သူက မဲ့တာပါပဲ၊ အချို့သော ယောကျ်ားတွေဟာ မေတ္တာတရားကို တန်ဖိုးမထားသလို အချို့သော မိန်းမတွေ ကလည်း မေတ္တာတရားကို အသက်လို တန်ဖိုးထားကြတာ ရှိပါတယ်၊ တကယ်တော့ လူသာ ပဓာနပါပဲဗျာ"

ဟု ရှင်းလင်းပြလေရာ ကျွန်ုပ်၏ စိတ်ထဲတွင် ရှင်းလင်းသွားလေ၏။

ထိုအခိုက်မှာပင် ဆားပုလင်း မင်းအောင်အိမ်ရှိ တယ်လီဖုန်း ခေါင်းလောင်းသံ မြည်လာလေ၏။ ကိုမင်းအောင်က ဖုန်းခွက်ကို ကောက်ကိုင်၍ နားထောင်ပြီး ပြန်ချလိုက်လေ၏။

ပြီးနောက် သောက်လက်စ ဆေးလိပ်ကို ပြာခွက်ထဲသို့ ထိုးနှစ်၍ ...

"စီအိုင်ဒီက ဖုန်းဆက်တယ်ဗျို့ အင်းစိန်, နံ့သာကုန်းဘက်က ခြံတစ်ခြံမှာ

လူသတ်မှုဖြစ်လို့"

ဟုပြောလေရာ စုံထောက် ဦးပေါဦးကြီးသည် မျက်နှာရှုံ့မဲ့သွားပြီး ....

"အေးအေးဆေးဆေး နေရမလား အောက်မေ့ပါတယ်၊ လူသတ်မှု ဖြစ်ပြန်ပြီ"

ဟု ညည်းညူလေ၏။ ကျွန်ုပ်ကဝင်၍ ...

"လူသတ်မှုဖြစ်တာ အကြောင်းမဟုတ်ဘူးဗျ၊ တရားခံ မဖမ်းနိုင်ရင် မင်းကြီးက နေ့စဉ် ရုံးခန်းထဲခေါ်ပြီး ကြိမ်းမောင်းနေတာ စိတ်ညစ်တယ်...."

ဟုပြောဆိုပြန်၏။

ဆားပုလင်း မင်းအောင်က ကျွန်ုပ်တို့ စကားကို နားထောင်၍ ...

"ကျုပ်တို့ ထိုင်ညည်းညူနေလို့ သေတဲ့လူက ပြန်အသက်ရှင်လာမှာမှ မဟုတ်တာ၊ ကျုပ်တို့လုပ်နိုင်တဲ့ အလုပ်က အမှုကို အမြန်ဆုံး သွားစစ်ဆေးပြီး သဲလွန်စရှာဖို့ပဲ၊ ဒီလိုရှာတဲ့ အခါမှာလည်း မှုခင်းဖြစ်တဲ့နေရာ မရောက်မီ ကြိုတင်တွေးတော မထားရင် အကောင်းဆုံးပဲ၊ ကြိုတင် တွေးတောထားရင် အမှန်တရားနဲ့ ဝေးကွာသွားတတ်တယ်၊ ဒါကြောင့် ခေါင်းထဲမှာ ဗလာဖြစ်အောင် ထားရမယ် ..."

ဟုပြောလိုက်ရာ ဦးပေါဦးကြီးက ရယ်ကျဲကျဲ မျက်နှာပေးနှင့် ...

"ဒီအတွက်မပူနဲ့ ကိုမင်းအောင် ကျုပ်တို့က မှုခင်းဖြစ်တဲ့ နေရာကို မရောက်မီရော၊ ရောက်ပြီးတဲ့ အချိန်မှာရော ခေါင်းထဲမှာ ဗလာဖြစ်အောင် အမြဲထားတယ်၊ လူသတ်မှုကို လုံးဝ စိတ်မဝင်စားတော့ ဘယ်လိုလုပ် ခေါင်းထဲမှာ ရှိမှာလဲ၊ အချိန်တန်ရင် တရားခံကို ကိုမင်းအောင် ဖမ်းပေးမှာပဲ၊ ကျုပ်တို့က ခေါင်းရှုပ်ခံပြီး စဉ်းစားမနေပါဘူးဗျာ ..."

ဟု ဆိုလိုက်ရာ ကျွန်ုပ်နှင့် ကိုမင်းအောင်က ၎င်း၏စကားကို

သဘောကျ၍ ရယ်မောမိလေတော့၏။

***

## အပိုင်း (၂)

ထို့နောက်တွင်မှ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် အင်းစိန်သို့ သွားကြလေ၏။

နံ့သာကုန်းဘက်သို့ ရောက်သောအခါ ခြံတစ်ခြံ၏ရှေ့တွင် ကားကိုရပ်ခိုင်းလေ၏။

ဆားပုလင်း မင်းအောင်က ...

"လူသတ်မှု ဖြစ်တယ်ဆိုတာ ဒီခြံပဲ ..."

ဟုပြောလေ၏။

ခြံကလေးမှာ အတော်ပင် ယိုင်နဲ့နဲ့ဖြစ်နေပြီး အတွင်းက တဲအိမ်ငယ်လေးကိုပင် မြင်နေရလေ၏။ စုံထောက် ဦးပေါ်ဦးကြီးက ခြံတွင်းသို့ကြည့်၍ ...

"ဟဲ ဟဲ ... စုံထောက်ပညာနဲ့ ပြောရရင် ဒီတစ်ခါ အသတ်ခံရတာကတော့ လူချမ်းသာထဲက မဟုတ်ဘူးဗျို့ ဆင်းရဲသား တစ်ယောက်ပဲ"

ဟု မှတ်ချက်ချလေရာ ကျွန်ုပ်က ရယ်မော၍ ...

"အတော်တော်တဲ့ စုံထောက်ကြီးပါလား" ဟု ချီးမွမ်းလိုက်လေ၏။

ကျွန်ုပ်တို့ကား ခြံရှေ့တံခါးပေါက်သို့ ရောက်သောအခါ အင်းစိန်ဂါတ်မှ ပုလိပ်သားလေးတစ်ဦး စောင့်နေကြောင်း တွေ့ရလေ၏။

ပုလိပ်သားလေး၏ နဘေးတွင် အနီးအနား ပတ်ဝန်းကျင်မှ လူများစုပြုံနေပြီး ခြံတွင်းသို့ လှမ်းမျှော်ကြည့်နေကြ၏။

ခြံထိပ်တွင် ပောင်းနွမ်း ဆွေးမြည့်နေသော ဆိုင်းဘုတ်လေး ပေါ်တွင် ...

"နဂါး ပန်းပဲလုပ်ငန်း"

ဟု ရေးထိုးထားသဖြင့် ဦးပေါ်ဦးနှင့် ကျွန်ုပ်သည် သံပြိုင်"နဂါး"ဟု အော်ဟစ်လိုက်လေ၏။ ကျွန်ုပ်က ခေါင်းကုတ်၍ ...

"ဒီနေ့ ဘယ်လိုဖြစ်ပြီး နဂါးတွေနဲ့ပဲ ဖူးစာဆုံနေရလဲ မသိဘူး"

ဟု ရေရွတ်လေ၏။

ဦးပေါ်ဦးကြီးကလည်း ...

"အတိတ်နိမိတ်တွေ မကောင်းဘူးဗျို့ ဒီလောက်နဂါးတွေနဲ့ ဖူးစာဆုံနေရင် အိမ်ရောက်ရင် ကျုပ်တို့ မိန်းမတွေတောင် နဂါးမတွေများ ဖြစ်ကုန်မလား မသိဘူး ...."

ဟု ရေရွတ်လေ၏။

ခြံကလေးထဲတွင် တဲအိမ်ငယ်လေး တစ်လုံးရှိ၏။ တဲအိမ်ငယ်၏ တစ်ဖက်တွင် ပန်းပဲဖို ဖြစ်ဟန်တူသော တဲငယ်လေး တစ်လုံးကို ထပ်မံတွေ့ရလေ၏။

ကျွန်ုပ်တို့ စုံထောက်ကျော်များအား အင်းစိန်ဂါတ်မှ ဌာနအုပ်တစ်ယောက်က ဆီးကြို၍ ပန်းပဲဖိုရှိရာ တဲအိမ်သို့ ခေါ်ဆောင်သွားလေ၏။ တဲအိမ်လေးထဲသို့ ရောက်သောအခါ ပန်းပဲပစ္စည်းများ ထားရှိရာ တူကြီးတူငယ်များ၏ အနီးတွင် လဲကျသေဆုံးနေသော လူလတ်ပိုင်းအရွယ် လူတစ်ယောက်ကို တွေ့ရလေ၏။

ထိုသူ၏ အသားအရောင်မှာ သပိတ်ကဲ့သို့ မည်းနက်နေပြီး ပန်းပဲသမား တစ်ယောက်ပီပီ သန်မာတောင့်တင်းသော ကိုယ်ခန္ဓာရှိလေ၏။ တစ်ကိုယ်လုံးတွင် ထိုးကွင်းမင်ကြောင်များ ပြည့်သိပ်နေအောင် ထိုးထားလေ၏။

သေသူ၏ ရင်ဝတည့်တည့်တွင် သွေးများ ယိုစီးကျနေပြီး ချွန်ထက်သော

အရာတစ်ခုနှင့် ထိုးခံထားရကြောင်း ပေါ်လွင်နေလေ၏။ ဦးပေါ်ဦးက သေသူ၏ အမူအရာကိုကြည့်၍ ...

"လူပုံကတော့ မိုက်ကန်းကန်း ပုံစံပဲဗျို့ ပန်းပဲသမား မလုပ်ခင်က လူမိုက်လုပ်ခဲ့သလား မသိဘူး"

ဟု ရေရွတ်၏။

ဆားပုလင်း မင်းအောင်က သေသူ၏ အကြောင်းကို ဌာနအုပ်အား မေးမြန်းလေရာ ၎င်းက သန်မာထွားကျိုင်းသော လူရွယ်လေး တစ်ယောက်ကို ခေါ်ယူပေးလေ၏။ လူရွယ်လေးက မျက်နှာ ညှိုးငယ်စွာဖြင့် ....

"ကျွန်တော်က ဆရာနဲ့အတူတူနေပြီး ပန်းပဲလုပ်ငန်း လုပ်ပါတယ်၊ ကျွန်တော့်မိဘတွေက အင်းစိန်တစ်ဖက်ကမ်းက ရွာကလေးမှာ နေပါတယ်၊ လွန်ခဲ့တဲ့နှစ်ရက်က ကျွန်တော့်မိခင်ကြီး နေမကောင်းလို့ ဆိုပြီး လူကြုံနဲ့ စာတစ်စောင် ရောက်လာပါတယ်၊ ဒီစာကြောင့် အိမ်ကို တစ်ညပြန်သွားခဲ့တယ်၊ ဒါပေမဲ့ ရွာကိုရောက်တော့ ကျွန်တော့် မိဘတွေဟာ အကောင်းပကတိအတိုင်း ရှိနေပြီး စာကို သူတို့မရေးကြောင်း ပြောပါတယ်၊ ကျွန်တော့်ကို တစ်စုံတစ်ယောက်က လှည့်ပတ်ပြီး ဒီခြံမှာမရှိအောင် လုပ်တာပါ၊ ကျွန်တော်မရှိမှ ဆရာ့ကိုသတ်လို့ လွယ်အောင်လို့နဲ့ တူပါတယ်၊ တောက် ... ကျွန်တော်ရှိရင် ဆရာဒီလို မဖြစ်ပါဘူး"

ဟုပြောလေ၏။

ဆားပုလင်း မင်းအောင်က မေးခွန်းအနည်းငယ်ကို မေးမြန်းလေ၏။

"မင်းဆရာမှာ ရန်ငြိုးရန်စရှိသလား"

ဟု မေးမြန်းရာ လူရွယ်လေးက ...

"ကျွန်တော်ဆရာ့ဆီမှာ တပည့်ခံပြီး ပန်းပဲပညာ သင်နေတာ သုံးနှစ်

ကျော်ပါပြီ၊ ဒီအချိန် အတွင်းမှာတော့ ဆရာ့မှာ ရန်ငြိုးရန်စ ရှိတယ်လို့ မကြားဖူးပါဘူး၊ ဆရာဟာ ဒေါသကြီးပေမဲ့ စိတ်သဘောထား ကောင်းမွန်ပါတယ်၊ သူဟာ ပန်းပဲလုပ်ငန်းကို စားဝတ်နေရေးထက် ဝါသနာပါလို့ လုပ်ကိုင်နေတာ ထင်ပါတယ်"

ဟု ပြောလေရာ ဆားပုလင်းမင်းအောင်က မျက်မှောင်ကြုတ်၍ ...

"မောင်ရင်က ဘာကြောင့် ဒီလိုပြောနိုင်တာလဲ"

ဟု မေးမြန်းလေ၏။ ထိုအခါ လူငယ်လေးက ...

"ဆရာဟာ ပန်းပဲပစ္စည်းတွေကို သူများလာအပ်ရင် ဘယ်တော့မှ စျေးကို များများစားစား တောင်းတာ မတွေ့ရဘူး၊ အရင်းတိုင်းလောက်နဲ့ လုပ်ပေးတာများတယ်၊ အမြတ်မယူဘူး၊ တစ်ခါတစ်ရံ ဆရာကတောင် ရှုံးနေတာ တွေ့ရပါတယ်"

ဟုပြောလေ၏။

ဆားပုလင်းမင်းအောင်က ခေါင်းတဆတ်ဆတ် ညိတ်၍ ...

"သူနေတဲ့ တဲအိပ်ကလေးကို စစ်ဆေးချင်တယ်"

ဟု ပြောလေရာ လူငယ်လေးက ခေါ်ဆောင်သွားလေ၏။ သေသူ၏ တဲအိမ်ကလေးတွင် ဝါးကွပ်ပျစ်တစ်ခုရှိပြီး ကွပ်ပျစ်ပေါ်တွင် ဟောင်းနွမ်း၍ ကြေးအထပ်ထပ် တက်နေသော ခေါင်းအုံး တစ်လုံးကို တွေ့ရလေ၏။ ကွပ်ပျစ်၏နောက်တွင် ဗီရိုဟောင်းလေး တစ်လုံးရှိပြီး ဗီရိုကို ဖွင့်ကြည့်သောအခါ တိုလီမိုလီ ပစ္စည်းမျိုးစုံကို တွေ့ရလေ၏။

ဆားပုလင်း မင်းအောင်သည် ဗီရိုတစ်ခုလုံးကို မွှေနှောက် ရှာဖွေပြီးနောက် ဗီရို၏ အောက်ဆုံးဆင့်သို့ မျက်မှောင်ကြုတ်၍ ကြည့်လိုက်၏။ ထို့နောက်တွင်မူ ခေါင်းတဆတ်ဆတ် ညိတ်ပြီး ပစ္စည်းများကို မြေပေါ်သို့

ချ၍ အောက်ခံပျဉ်ပြားကို အိတ်ထဲတွင်ရှိသော မောင်းချခားဖြင့် ကလန့်ဖွင့်သောအခါ ဗီရိုအောက်ခံသည် အံဝှက်တစ်ခု ဖြစ်နေပြီး အံဝှက်ထဲသို့ လက်ဖြင့် နှိုက်လိုက်သောအခါ မြေအောက်ထဲတွင် လျှို့ဝှက်စွာ ပြုလုပ်ထားသော သေတ္တာတစ်လုံးကို တွေ့ရလေ၏။

ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးလည်း မြေအောက်ရှိ လျှို့ဝှက်သေတ္တာကို မြင်သောအခါ မျက်လုံး ပြူးသွားလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍ ...

"ကျွန်တော်ထင်တဲ့ အတိုင်းပဲဗျို့"

ဟု ရေရွတ်ကာ သူ၏ကုတ်အင်္ကျီထဲမှ လွန်စွာသေးငယ်သော လက်နှိပ်ဓာတ်မီးလေး တစ်လက်ကို ထုတ်၍ အထဲသို့ ထိုးကြည့်လေ၏။ ကျွန်ုပ်က သိချင်စိတ်ဖြင့် ...

"ဘာတွေ တွေ့သလဲ ကိုမင်းအောင်"

ဟု မေးမြန်းလေ၏။ ဆားပုလင်း မင်းအောင်က ကျွန်ုပ်၏ အမေးကို မဖြေအားသေးဘဲ အံဝှက်ထဲသို့ ကုန်းနှိုက်လိုက်သောအခါ သူ၏လက်ထဲသို့ ငွေစက္ကူတစ်ဆုပ် ပါလာလေ၏။

ထို့နောက် ဆားပုလင်းမင်းအောင်က လျှို့ဝှက်သေတ္တာကြီးထဲမှ ငွေစက္ကူများကို တစ်ထုပ်ပြီး တစ်ထုပ် မြေပေါ်သို့ တင်ပေးလေ၏။ ကျွန်ုပ်တို့သည် တဲအိမ်ငယ်လေးနှင့် မလိုက်ဖက်စွာ တွေ့ရသော ငွေစက္ကူများကို ကြည့်၍ မျက်လုံးပြူးနေလေ၏။

အင်းစိန်ဂါတ်မှ ဌာနအုပ်လူဝကြီးက ...

"ဟိုက် ... ငွေစက္ကူတွေ များလှချည်လား၊ ပန်းပဲဆရာဟာ သူဌေးကြီးပါလား၊ ဒီလောက်များတဲ့ ငွေစက္ကူတွေကို ရနေပုံထောက်တော့ ဒီလူဟာ အ

ရင်က ဓားပြဖြစ်မယ် ထင်တယ်၊ ဒါကြောင့် ဒီခြံလေးမှာ မထင်မရှား ဇာတ်မြှုပ်နေတာ ဖြစ်မယ် ..."

ဟုပြောလေ၏။

ဥာနအုပ်ကြီး၏ စကားကို နားထောင်၍ ဦးပေါ်ဦးကြီးက လေသံတိုးတိုးဖြင့် ...

"ကိုစိန်မြင့်တို့ ကိုတင်လှတို့ရဲ့ ခြေရာနင်းမဲ့ လူတစ်ယောက်တော့ တွေ့နေပြီဗျို့၊ ဘာတွေ ထင်ကြေးပေးဦးမလဲ မသိဘူး၊ ဆက်နားထောင် ကြည့်ရအောင်..."

ဟုပြောလေ၏။

ဥာနအုပ်လူကြီးသည် သူ၏စကားကို ကျွန်ုပ်တို့ နားထောင်နေမှန်း သိသဖြင့် ...

"ဒီလူဟာ ဓားပြတစ်ဦးဖြစ်မယ် ဆိုရင်တော့ ဒီလူသတ်မှုဟာ အရင်တုန်းက တိုက်ဖော် တိုက်ဖက်ထဲက ဝေစုခွဲရင်း ရန်ငြိုးရန်စရှိတဲ့ လူတစ်ယောက်က လက်စားချေသွားတာ ဖြစ်မယ်"

ဟု ပြောပြန်၏။

စုံထောက်ဦးပေါ်ဦးကြီးက စပ်ဖြဲဖြဲနှင့် နားထောင်၍ ...

"ဥာနအုပ်ကြီးရဲ့ အမြင်က စူးရောက်လှပါပေတယ်၊ ဆက်ပြီး မြင်တာလေတွေရှိရင် ပြောပါဦး"

ဟု မီးလောင်ရာလေပင့် ပေးလိုက်လေ၏။ ဥာနအုပ်ကြီးက သူ့အား ပင့်လို့ပင့်မှန်း မသိဘဲ အဟမ်းအဟမ်းဟု လည်ချောင်းရှင်းကာ ...

"လူသတ်သမားဟာ သေသေချာချာ အကွက်ချပြီးမှ သတ်ဖြတ်သွားတာဗျ၊ ပန်းပဲဖိုမှာ လူနှစ်ယောက်ရှိတယ် ဆိုတာ သူသိတယ်၊ ဒါကြောင့်

ပန်းပဲဆရာရဲ့ တပည့်လေးကို ရွာကို ပြန်ရောက်အောင် စာတစ်စောင်ကို အတုရေးပြီး ရွာပြန်ခိုင်းလိုက်တယ်၊ ပန်းပဲဆရာ တစ်ယောက်တည်း ရှိမှ ကလဲ့စားချေ သတ်ဖြတ်သွားတာပဲ"

ဟု ဆိုလိုက်ရာ စုံထောက်ဦးပေါ်ဦးကြီးက ...

"ဥာနအုပ်ကြီးပြောတာ သိပ်ဖြစ်နိုင်တာပေါ့ အမှုဖြစ်တဲ့နေရာကို ကိုယ်တိုင်လိုက်ကြည့်ပြီး ပြောသလား အောက်မေ့ရတယ်"

ဟု ချီးမွမ်းလိုက်ပြန်ရာ ဥာနအုပ် လူဝကြီးသည် သူ့အား အင်းစိန်စီအိုင်ဒီမှ စုံထောက်များ ကိုယ်တိုင် ချီးမွမ်းခန်း ဖွင့်နေသဖြင့် သွေးနားထင် ရောက်သွားလေ၏။

ဆားပုလင်း မင်းအောင်မှာမူ ငွေစက္ကူများကို တစ်ထုပ်ချင်း ရေတွက်ကြည့်နေ၏။

ဥာနအုပ်ကြီးက ဆက်လက်၍ ...

"သေသူ ပန်းပဲဆရာကိုကြည့်ဗျာ၊ တစ်ကိုယ်လုံး ထိုးကွင်းမင်ကြောင်တွေ ထိုးထားတယ်၊ ပန်းပဲသမား ဆိုတော့ ဗလကလည်း ကောင်းကောင်း၊ ခွန်အားကလည်း သန်မာတယ်၊ ဒီလိုလူမျိုးကို မျက်နှာချင်းဆိုင် တိုက်ခိုက်ပြီး အနိုင်ယူသွားတယ် ဆိုတော့ လူသတ်သမားဟာ သေသူထက် သန်မာတောင့်တင်းတဲ့သူ ဖြစ်မယ်ဗျ"

ဟု ထင်ကြေးပေးပြန်၏။ ဆားပုလင်း မင်းအောင်သည် ငွေစက္ကူများကို စာရင်းပြုစု၍ ကျွန်ုပ်တို့ဘက်သို့ လှည့်ကာ ...

"အိမ်ပတ်ဝန်းကျင်ကို ခဏလှည့်စစ် ကြည့်ဦးမယ်"

ဟုပြောလေ၏။

ခဏကြာလျှင် ပြန်ရောက်လာပြီး ...

"ပန်းပဲဆရာဟာ ပန်းပဲလုပ်ငန်းကို ဝါသနာအလျောက်၊ ဒါမှမဟုတ် ဟန်ပြအနေနဲ့ လုပ်နေတာ ဖြစ်မယ်ဗျ၊ လူသတ်သမားဟာ မနေ့ည ၈ နာရီလောက်မှာ ပန်းပဲဆရာကို သတ်သွားတာပဲ၊ အလွန်အင်မတန် ခွန်အားဗလ တောင့်တင်းတဲ့ ပန်းပဲဆရာကို သတ်သွားတာ မိန်းကလေး တစ်ယောက်ဗျ"

ဟု မှတ်ချက်ချလေရာ ကျွန်ုပ်တို့စုံထောက်ကျော် နှစ်ဦးသာမက ဌာနအုပ် လူဝကြီးပင်လျှင် မျက်လုံး ပြူးသွားလေ၏။

"မိန်းကလေးဟာ ညလူခြေတိတ်တဲ့အချိန်၊ ခြံဝမှာ အသာ အရိပ်အခြည်ကို ကြည့်ပြီး ပန်းပဲဖိုထဲကို ဝင်လာခဲ့တာဗျ၊ ဒီအချိန်မှာ ပန်းပဲဆရာဟာ ညအချိန်အထိ ပန်းပဲ လုပ်နေတုန်းပဲ၊ မိန်းကလေးဟာ ပန်းပဲဖိုထဲကို ချက်ချင်း မဝင်သေးဘဲ တဲအိမ်ကလေး ပတ်လည်က လှည့်ချောင်း သေးတယ်ဗျ၊ တဲအိမ်ပတ်လည်မှာ မိန်းမတစ်ယောက်ရဲ့ ခြေရာတွေ့တယ်၊ သူဟာ ခေတ်ဆန်ပြီး ချောမောလှပတဲ့ မိန်းမတစ်ယောက် ဖြစ်မယ်"

ဟု ပြောလေရာ မိမိကိုယ်မိမိ အထင်ကြီးနေသော ဌာနအုပ် လူဝကြီးက မသိမသာ မျက်နှာရှုံ့မဲ့၍ ....

"ဆားပုလင်းမင်းအောင်က အားကောင်းမောင်းသန် ပန်းပဲဆရာကို သတ်ဖြတ်သွားသူဟာ အားနွဲ့တဲ့ မိန်းကလေး တစ်ယောက်လို့ ပြောသွားတယ်၊ ဘယ်လို အထောက်အထားနဲ့ ပြောတာလဲ၊ ကျုပ်အထင်တော့ ဒီလောက်ခွန်အား သန်မာတဲ့ ယောက်ျားကို မိန်းမတစ်ယောက်က သတ်ဖြတ်နိုင်ပါ့မလား"

ဟု ပြောဆိုလေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍ ....

"မိန်းကလေးဟာ ခြံထဲမှာ မှောင်ရိပ်ခိုပြီးကို ချောင်းကြည့်ခဲ့တယ်လို့ ပြောခဲ့တယ်"

ဟုပြောရင်း သူ၏အိတ်ထဲရှိ နှင်းဆီပန်းတစ်ပွင့်ကို ပြလိုက်၏။

"ဒါဟာ ခြံစည်းရိုးအနီးက ကျွန်တော် ကောက်လာတဲ့ နှင်းဆီပန်းလေးဗျ၊ မိန်းကလေးဟာ ခြံထဲကို ချောင်းကြည့်ရင်းနဲ့ သစ်ကိုင်းနဲ့ငြိပြီး နှင်းဆီပန်း ပြုတ်ကျသွားတယ်၊ အဲဒီနေရာက မြေပျော့လို့ သူ့ရဲ့ခြေရာကို သတိထားမိတယ်၊ သူစီးတဲ့ဖိနပ်ဟာ ဒီနေ့ခေတ်ဆန်တဲ့ မိန်းမတွေ စီးလေ့ရှိတဲ့ ဒေါက်မြင့်ဖိနပ်ပဲ၊ တဲအိမ်ကလေးရဲ့ ပတ်ပတ်လည်မှာလည်း မိန်းကလေးရဲ့ ဒေါက်ဖိနပ်ခြေရာကို တွေ့ရတယ်၊ တကယ်တော့ ပန်းပဲသမား လူသန်ကြီး တစ်ယောက်ကို မိန်းကလေး တစ်ယောက် အနေနဲ့ ဓားတစ်လက်နဲ့ အနီးကပ် တိုက်ခိုက်ဖို့ဟာ လွယ်တဲ့ကိစ္စ မဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်တော့် အထင်တော့ မိန်းကလေးဟာ သိုင်းပညာကို အဆင့်မြင့်မြင့် တတ်ထားမယ် ထင်တယ်၊ မိန်းကလေးဟာ ပြတင်းပေါက်က ခုန်ကျော်ပြီး တဲအိမ်ထဲကို ဝင်လာတာဗျ၊ ကိုယ်ခန္ဓာလည်း ပေါ့ပါးဖျတ်လတ်ပုံရတယ်၊ ဒါကြောင့်လည်း ယောကျ်ားသား တစ်ယောက်ကို အဖော်မပါ တစ်ကိုယ်တည်း သတ်ဖြတ်သွားတာပေါ့၊ သေသူ ပန်းပဲဆရာကတော့ တစ်ချိန်က လူကောင်းတစ်ယောက် ဟုတ်ပုံမရဘူး၊ သူ့လက်ထဲမှာ ငွေတွေ အများကြီး ရှိနေတာ သံသယ ဝင်စရာပဲ"

ဆားပုလင်း မင်းအောင်သည် ပြောရင်း ကွပ်ပျစ်၏အောက်သို့ ဖိနပ်ဦးဖြင့် တိုက်မိလိုက်သဖြင့် ဒူးထောက် ထိုင်ချလိုက်ပြီး တစ်စုံတစ်ခုကို ကောက်ယူလိုက်၏။ သူ၏နှုတ်မှလည်း ...

"နဂါးလေး တစ်ကောင်ပါလား"

ဟု ရေရွတ်လိုက်လေ၏။ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ...

"နဂါး" ဟု သံပြိုင်အော်ဟစ် လိုက်လေရာ ဌာနအုပ်လူဝကြီးက

ကြောင်အမ်းအမ်းနှင့် လှမ်းကြည့်လေ၏။

ဆားပုလင်းမင်းအောင် လက်ထဲတွင် တွေ့ရသော အရာမှာ တစ်ထွာခန့်ရှိသော နဂါးရုပ်တုလေးဖြစ်ပြီး ရုပ်တုကို ကြေးဖြင့်ပြုလုပ် ထားလေ၏။ ဆားပုလင်း မင်းအောင်က ကြေးရုပ်ကလေးကို မျက်မှောင်ကြုတ်၍ ကြည့်ရှုနေစဉ် ပန်းပဲဆရာ၏ တပည့်လူရွယ်က ... အဲဒီရုပ်ထုလေးကို လွန်ခဲ့တဲ့ တစ်ပတ်လောက်က ဆရာ့နာမည်နဲ့ ရောက်လာပါတယ်၊ ဆရာဟာ ရုပ်ထုလေးကို ကြည့်ပြီး အလွန်ဒေါသ ထွက်နေတဲ့ အမူအရာ ဖြစ်သွားပါတယ်၊ ပြီးတော့ နဂါးရုပ်တုကို မြေပေါ်ပစ်ပေါက် လိုက်တာပါပဲ"

ဟုပြောလိုက်ရာ ဆားပုလင်းမင်းအောင်က နဂါးရုပ်ကလေးကို သက်သေအဖြစ် သိမ်းလိုက်လေ၏။

ထိုအခိုက်မှာပင် အိမ်ကလေးထဲသို့ အင်းစိန်စီအိုင်ဒီမှ စုံထောက်များ ဖြစ်သော ကိုစိန်မြင့်၊ ကိုတင်လှ၊ ဆရာပွ အစရှိသော စုံထောက်များ ဆူဆူညံညံ အသံပြု၍ ဝင်ရောက်လာလေ၏။

စုံထောက် ကိုတင်လှသည် ဘယ်က ငှားရမ်းလာသည် မသိသော ကင်မရာကြီးဖြင့် သေသူ ပန်းပဲဆရာကို တဖျတ်ဖျတ် ရိုက်လေ၏။

ကိုစိန်မြင့်ကလည်း ပုလိပ်များကို အနောက်သို့ တွန်းထိုး၍ လွန်စွာအရေးကြီးဟန်ဖြင့် ....

"အားလုံးနောက်ကို ဆုတ်ကြပါ သဲလွန်စတွေ ပျောက်ကုန်မယ်၊ သဲလွန်စတွေ ပျောက်ကုန်မယ်"

ဟုအော်ဟစ်လေ၏။ ဆရာပွဆိုသော စုံထောက်အိုကြီးသည် မှန်ဘီလူးကြီးကို ထုတ်၍ သေသူ၏ မျက်နှာကို အနီးကပ် ကြည့်ရှုလေ၏။ ပြီးနောက် ပေကြိုးဘူးကြီးကို ထုတ်၍ သေသူနှင့် တဲအိမ်လေးကို တိုင်းတာလေ၏။

၎င်းတို့၏ အပြုအမူကို အတွေ့အကြုံ မရှိရှာသော ပုလိပ်ကလေးများက အထင်ကြီးဟန်ဖြင့် ကြည့်ရှုနေလေ၏။ စုံထောက်ကိုစိန်မြင့်က သေသူ၏ရင်ဝရှိ ဓားဒဏ်ရာကို ကြည့်၍ ...

"အမှုက လွယ်လွယ်လေးပါ၊ ပန်းပဲဆရာကို ပစ္စည်းလာအပ်ရင်း စကားများ ရန်ဖြစ်ထားတဲ့သူ ရှိမယ်၊ ဒီလူက အခဲမကျေဖြစ်ပြီး လာသတ်သွားတာပဲ၊ ပန်းပဲဆရာနဲ့ ရန်ဖြစ်ဖူးတဲ့သူရှိရင် ဖမ်းစစ်ဆေးလိုက်ရင် အမှုမှန် ပေါ်ပြီပေ့ါဗျာ၊ ပုလိပ်တွေ သိပ်ခက်တယ်၊ ဒီလောက် လွယ်ကူရှင်းလင်းတဲ့ ကိစ္စလေးတွေကို စီအိုင်ဒီကို အကြောင်းကြားနေတယ်၊ ကျုပ်တို့ စီအိုင်ဒီက စုံထောက်တွေက အင်မတန် ခက်ခဲပြီး သဲလွန်စ ရှာရခက်တဲ့ အမှုကြီးတွေကို နေ့မအား ညမအား လိုက်နေရတာ ဒီလောက်ရိုးရှင်းတဲ့ အမှုလေးတွေကို စီအိုင်ဒီကို အကြောင်းကြားနေတော့ ကျုပ်တို့က သက်သက် အလုပ်ရှုပ်ရော ..."

ဟုပြောလေရာ ၎င်း၏စကားကို သံယောင်လိုက်၍ စုံထောက် ကိုတင်လှကလည်း ...

"သိပ်ဟုတ်တာပေ့ါဗျာ။ ကျုပ်တို့က သက်စွန့်ဆံဖျား အမှုကြီးတွေကို လိုက်နေရတာ ဘာမဟုတ်တဲ့ ပန်းပဲဆရာ အသတ်ခံရတဲ့ အမှုလေးတွေကို ကျုပ်တို့လက် ထိုးအပ်နေတော့ ပုလိပ်တွေက ဘယ်လို အမှုမျိုးကို လိုက်မှာလဲ"

ဟု မကျေမနပ် ပြောလေတော့၏။

ဦးပေါ်ဦးကြီးသည် ၎င်းတို့၏စကားကို နားထောင်၍ စိတ်မထိန်း နိုင်တော့ဘဲ ... တဟားဟား ရယ်မောလိုက်လေရာ စုံထောက် ကိုစိန်မြင့်တို့ လူစုသည် ဦးပေါ်ဦးကြီး၏ ပါးစပ်ကို ကြောက်သည်နှင့် လေလုံး မထွားဝံ့တော့ဘဲ ငြိမ်သက်သွားလေ၏။

အမှန်စင်စစ် စုံထောက် ကိုစိန်မြင့်တို့သည် အင်းစိန်စီအိုင်ဒီတွင် စုံထောက်သက်တမ်း ရှည်ကြာခဲ့ပြီ ဖြစ်သော်လည်း ခက်ခဲနက်နဲသော အမှုကြီးများကို မဆိုထားနှင့် လွန်စွာလွယ်ကူ ရှင်းလင်းသော အမှုများကိုပင် မဖော်နိုင်ဘဲ အူလည်လည် ဖြစ်နေသူများဖြစ်၏။

ကိုစိန်မြင့်တို့ လူစုသည် ၎င်းတို့ထက် အရည်အချင်း အဘက်ဘက်မှ သာလွန်သော ဆားပုလင်း မင်းအောင်အား အသားလွတ် မနာလိုဝန်တို ဖြစ်နေသူများဖြစ်၏။

ဆားပုလင်းမင်းအောင်၏ ပျက်စီးရာ ပျက်စီးကြောင်းကိုလည်း အစဉ်သဖြင့် ကြံစည်နေသူများ ဖြစ်၏။

စုံထောက်မင်းကြီးအား ဆားပုလင်း မင်းအောင်အပေါ် အထင်မှား အမြင်မှားစေရန် အမြဲ ချောက်တွန်းတတ်သူ ဖြစ်၏။

ကျွန်ုပ်တို့၏ မိတ်ဆွေကြီး ဆားပုလင်းမင်းအောင်ကမူ ၎င်းတို့ကဲ့သို့ အပြိုင်အဆိုင် စိတ်မျိုး မထားဘဲ စိတ်ကောင်း စေတနာကောင်း ထားရှိ၏။

ဆားပုလင်းမင်းအောင်သည် အမှုကို စစ်ဆေးရင်း လုံလောက်ပြည့်စုံ သွားဟန်ဖြင့် ကျွန်ုပ်ဘက်သို့ လှည့်၍ ...

"ပြန်ကြရအောင်အိုင်ပီ၊ အမှုကတော့ ရန်ငြိုးရန်စကြောင့် သတ်တာ သေချာသွားပြီ"

ဟုပြောဆိုကာ တဲအိမ်ထဲမှ ထွက်ခဲ့လေတော့၏။ စုံထောက်ကိုစိန်မြင့်တို့ လူစုကမူ တဲအိမ်ထဲတွင် ထင်ရာမြင်ရာ ပြောဆိုနေဆဲဖြစ်၏။

ကျွန်ုပ်တို့လူစု ကားဆီသို့ ရောက်သောအခါ ခြံဝတွင် လူများ စုအုံနေဆဲဖြစ်ပြီး လူအုပ်ထဲမှ တစ်ယောက်က ကိုမင်းအောင်ကို မြင်ဖူးဟန်ဖြင့် ...

"ကားခန်းမှာ ဝင်ထိုင်လိုက်တဲ့လူက ဆားပုလင်းမင်းအောင်ကွ၊

ဘယ်လောက် ကြည့်ကောင်းသလဲ၊ သူ့ဘေးက လိုက်လာတဲ့ ဗိုက်ပူပူလူကြီး နဲ့ တရုတ်ဘိန်းစားလို လူကတော့ သူ့တပည့်တွေနဲ့ တူပါတယ်ဗျာ"

ဟု ပြောဆိုလေရာ ဦးပေါ်ဦးကြီးက သူ၏ဗိုက်ကြီးကို လက်ဖြင့်ပွတ်၍ ...

"ဒီဗိုက်ကြောင့် သူတစ်ပါး စော်ကားတာ အမြဲခံနေရတယ်"

ဟု ညည်းညူလေ၏။ ကျွန်ုပ်ကလည်း မျက်နှာကိုရှုံ့မဲ့၍ ......

"ကျုပ်ကိုလည်း တရုတ်ဘိန်းစားလို့ပြောသံ ကြားလိုက်တယ်၊ အမိယုတ် က နှုတ်ကြမ်း၏တဲ့ ဒီလူဟာ မိကောင်းဖခင် သားသမီး မဟုတ်ဘူးနဲ့ တူ တယ်...."

ဟု မကျေမချမ်း ရေရွတ်လေ၏။

ဆားပုလင်းမင်းအောင်သည် ကားကိုမောင်းထွက်လိုက်လေ၏။

***

## အပိုင်း (၃)

ဆားပုလင်းမင်းအောင်သည် ကားကိုမောင်းထွက် လိုက်လေ၏။

ကားမောင်းရင်း ကိုမင်းအောင်က ...

"လူသတ်မှု ဖြစ်တဲ့နေရာက သိမ်းဆည်းရတဲ့ နဂါးရုပ်ကလေးကို ကျွန်တော် စိတ်ဝင် စားနေတယ်၊ ဒါကြောင့် ရွှေတိဂုံ တောင်ဘက်မုခ်က ကြေးသွန်းပညာရှင် ကိုဇေယျနဲ့ သွားတွေ့ပြီး မေးမြန်းကြည့်တယ်၊ ကျွန်တော့်အထင်တော့ ဒီနဂါးရုပ်ကလေးဟာ ကိုဇေယျလက်ရာ ဖြစ်လိမ့်မယ်"

ဟုပြောလေရာ ဦးပေါ်ဦးကြီးက ခေါင်းညိတ်၍ ...

"သွားလေ ကိုမင်းအောင်၊ ဘုရား မရောက်တာကြာပြီ၊ ကိုမင်းအောင် ကိစ္စပြီးရင် ဘုရားလေး ဘာလေး တက်ဖူးရအောင်"

ဟု ပြောလေ၏။

ထိုအခါ ဆားပုလင်းမင်းအောင်သည် ကားကို ရွှေတိဂုံဘုရား တောင်ဘက်မုခ်သို့ မောင်းနှင်လေ၏။ ဘုရားသို့ ရောက်သောအခါ ကြေးသွန်းပညာရှင် ကိုဇေယျဆိုသူကို သွားရောက် တွေ့ဆုံ၍ ကိုမင်းအောင်က

"ကိုဇေယျ၊ ဒီနဂါးရုပ်လေးတွေက ဘယ်သူ့လက်ရာလဲ"

ဟု မေးမြန်းလေ၏။

ကိုဇေယျသည် နဂါးရုပ်ကလေးကို ကြည့်၍

"ကျွန်တော့်လက်ရာပဲ ကိုမင်းအောင်"

ဟု ပြောလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"ကိုဇေယျ လက်ရာလို့ ထင်တော့ထင်သားပဲ၊ ဒီနဂါးရုပ်တုတွေကို ဘယ်လိုနည်းနဲ့ လုပ်ဖြစ်တာလဲ"

ဟုမေးမြန်းလေ၏။

ထိုအခါ ကိုဇေယျဆိုသူက ဆားပုလင်းမင်းအောင်နှင့် ကျွန်ုပ်တို့အား နေရာထိုင်ခင်း စီစဉ်ပေးရင်း ...

"လွန်ခဲ့တဲ့ နှစ်လလောက်က မိန်းမချောလေး တစ်ယောက် ကျွန်တော့်ဆီ ရောက်လာပြီး နဂါးရုပ်လေး လုပ်ပေးနိုင်မလားလို့ မေးတယ်၊ ကျွန်ုပ်က လုပ်ပေးနိုင်ပါတယ်၊ ဒါပေမဲ့ အခကြေးငွေတော့ ဈေးကြီးလိမ့်မယ်လို့ ပြော တယ်၊ ဒီအခါမှာ မိန်းမချောလေးက ကြီးချင်သလောက် ကြီးစမ်းပါ ကျွန်မ ပေးနိုင် ပါတယ်လို့ပြောတယ်၊ ဒီတော့ ကျွန်တော်က နဂါးရုပ်ရဲ့ အရွယ်အစားကိုမေးပြီး တစ်ရုပ်ကို ၄၀ကျပ်လောက်ရမှ လုပ်ပေးနိုင်မယ်လို့ ပြောလိုက်တယ်၊ ဒီအခါမှာ မိန်းမချောလေးက သူ၏ စလင်းဘက်ထဲက ငွေစက္ကူအထပ်လိုက် ဆွဲထုတ်လိုက်ပြီး ရှင်တောင်းတာ သိပ်နည်းနေတယ်၊ နဂါးရုပ်တစ်ရုပ်ကို ငွေတစ်ရာတိတိ ပေးမယ်ဆိုပြီး ကျုပ်လက်ထဲကို ငွေ တစ်ရာ ထိုးထည့်တယ်၊ ကျုပ်ဟာ မမျှော်လင့်ဘဲ ငွေတစ်ရာရလို့ ဝမ်းသာ အားရနဲ့ နဂါးရုပ်ကလေးကို အမြန်ဆုံးနဲ့ အကောင်းဆုံး ဖြစ်အောင် ပြုလုပ် ပေးခဲ့တယ်၊ မိန်းမချောလေးဟာ နဂါးရုပ်ကလေးကို အတော်သဘော ကျ သွားတယ်၊ ကျွန်တော်က စိတ်ဝင်စားတာနဲ့ ဒီကြေးသွန်း နဂါးရုပ်ကလေး ကို ဘယ်မှာ အသုံးပြုဖို့လဲလို့ မေးကြည့်တယ်၊ ဒီအခါမှာ မိန်းမချောလေးက မျက်နှာတင်းမာသွားပြီး ရှင်မေးတဲ့ မေးခွန်းကို ကျွန်မ မဖြေနိုင်တာ ခွင့်လွှတ်ပါဆိုပြီး ကျွန်တော့်ဆိုင်ထဲက ဆင်မယဉ်သာ ဟန်လေးနဲ့ ထွက် သွားတာပဲဗျို့၊ နေပါဦး ဒီကြေးသွန်း နဂါးရုပ်လေးကို ကိုမင်းအောင် ဘယ် ကရလာတာလဲ"

ဟု မေးမြန်းလေ၏။

ဆားပုလင်း မင်းအောင်က လူသတ်မှု ဖြစ်ပွားသောနေရာမှ ရရှိခဲ့ခြင်း အကြောင်းကို ရှင်းလင်းပြလေ၏။

ထိုအခါ ကြေးသွန်းပညာရှင် ကိုဇေယျက မျက်လုံးပြူးသွားပြီး ...

"ဟိုက်ဒီလောက်လှတဲ့ မိန်းမတစ်ယောက်က လူတစ်ယောက်ကို ရက်ရက်စက်စက် သတ်တာ ဖြစ်နိုင်ပါ့မလား"

ဟု တအံ့တသြ ရေရွတ်လေ၏။ ဆားပုလင်းမင်းအောင်က သက်ပြင်းချ၍ ...

"အဲဒီမိန်းကလေးဟာ ရုပ်ရည်ချောမော လှပသလောက် စိတ်ဓာတ် မာကျောပုံ ရတယ်၊ ဒီပုံအတိုင်း ဆိုရင်တော့ နောက်ထပ် လူသတ်မှုတွေ ထပ်ဖြစ်မှာ သေချာတယ်၊ တကယ်တော့ လူသတ်မှုဖြစ်တာ ချောမောလှပ တဲ့ ရုပ်ရည်နဲ့ မဆိုင်ပါဘူးဗျာ၊ မုန်းတီးနာကြည်းစွာ ခံစားခဲ့ရတဲ့ စိတ်ခံစားမှု တွေ စိတ်အမာရွတ်တွေနဲ့သာ သက်ဆိုင်ပါတယ်၊ လူသတ်မှု တရားခံတွေ ဖြစ်တဲ့ ပုလဲခင်တို့ မြနှင်းခင်တို့ကို ကြည့်ပါလား သူတို့ဟာ အတော်ချော အတော်လှတဲ့ မိန်းမတွေပဲ"

ဟု ပြောလေရာ ကျွန်ုပ်က သက်ပြင်းချ၍ ...

"အင်း ... ဒါဆိုရင်တော့ ဒီအမှုရဲ့တရားခံ မိန်းကလေးကိုလည်း ... ခက် ခက်ခဲခဲ ဖမ်းရဦးမယ် ထင်တယ်"

ဟု ရေရွတ်လေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းညိတ်၍ ...

"လွယ်လွယ်ကူကူနဲ့ ဖမ်းလို့ မရမှာကတော့ သေချာတယ်၊ တရားခံ မိန်းမ ချောလေးဟာ ခပ်ညံ့ညံ့ အစားထဲက မဟုတ်ဘူးဗျ၊ ဉာဏ်တော်တော် ပြေး တယ်၊ သူ့ရဲ့ရန်သူကို အငြိုးကြီးကြီးနဲ့ ကလဲ့စားချေရုံ မကဘူး၊ ပိပိရိရိနဲ့

ကြံစည်သွားတာလဲ တွေ့ရတယ်ဗျ"

ဟုပြောလေတော့၏။ ထို့နောက်တွင်မူ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် ကိုဇေယျဆိုသူကို နှုတ်ဆက်၍ ဘုရားပေါ်သို့ တက်ခဲ့လေ၏။

***

နောက်တစ်နေ့ထုတ် သတင်းစာများတွင် ပန်းပဲဆရာ အသတ်ခံရမှုနှင့် ပတ်သက်၍ စုံစုံလင်လင် ရေးသားဖော်ပြသည်ကို တွေ့ရ၏။ ပန်းပဲဆရာ၏အိမ်တွင် လျှို့ဝှက်သော ဗီရိုတစ်လုံးရှိပြီး ထိုဗီရို ကြီးထဲတွင် ငွေစက္ကူများ မြောက်မြားစွာ ရှိသည်ဟုဆိုသဖြင့် သတင်းစာ ဖတ်ပရိသတ်များသည် လူသတ်မှုကို စိတ်ဝင်စားကြ၏။

ကျွန်ုပ်တို့ စုံထောက်မင်းကြီးသည် ပန်းပဲဆရာကို ရာဇဝင်လူဆိုးဟောင်းတစ်ယောက်ဟု ယူဆကာ လူဆိုးဟောင်းများ၏ ဖိုင်တွဲတွင် ရှာဖွေရန် လမ်းညွှန်လေ၏။ ထိုအခါ စုံထောက် ဦးပေါ်ဦးကြီးက ကျွန်ုပ်၏ခါးကို လက်ဖြင့် မသိမသာတို့၍ ...

"ဟေ့လူ ... ကျုပ်တို့ကို မင်းကြီးက ရာဇဝင်လူဆိုးဖိုင်မှာ ရှာခိုင်းနေပြီ၊ သူခိုင်းတဲ့အတိုင်း လုပ်ရင် ရှာလည်းမှာ သေချာတယ်၊ ဒီတော့ ကျုပ်တို့နှစ်ယောက် အမြန်လစ်တာ အကောင်းဆုံးပဲ၊ အခုလို ပူပြင်းတဲ့ အချိန်မှာ တရုတ်တန်းက ဟိုတယ်တစ်ခုမှာ အမြှုပ်တစီစီ ထနေတဲ့ သော့တံဆိပ်ဘီယာကို ဒိန်ခဲလေးနဲ့မြည်းပြီး အရသာခံလိုက်ရင် ဘယ်လောက်ကောင်းမလဲ ..."

ဟုပြောလေရာ ကျွန်ုပ်သည် သူ၏စကားကို သဘောကျသွား သော်လည်း ခေါင်းခါယမ်း၍ ...

"ကျုပ်တို့ သွားလို့ ဘယ်ဖြစ်မလဲ မင်းကြီးက ရာဇဝင်လူဆိုး စာရင်းမှာ ရှာ

ခိုင်းထားတဲ့ဥစ္စာ ..."

ဟုပြောလေရာ ဦးပေါ်ဦးကြီးက သူ၏ခေါင်းကို လက်ဖြင့်ပုတ်၍ ...

"ဒီမှာအိုင်ပီ ခေါင်းသုံးစမ်းပါ၊ ဒီကိစ္စကို ကျုပ်တာဝန်ယူတယ်၊ ခေါင်းမရှိတဲ့ ကိုစိန်မြင့်တို့ကတော့ ရာဇဝင်လူဆိုး ဖိုင်တွေနဲ့ တစ်နေကုန် အလုပ်ရှုပ်မှာ မြင်ယောင်တယ်..."

ဟုပြောလေ၏။ ထို့နောက်တွင်မူ ရာဇဝင် လူဆိုးဖိုင်များကို ရှာဖွေရန် ခေါင်းချင်းရိုက်နေသော ကိုစိန်မြင့်တို့ လူစုရှိရာသို့ သွား၍ ....

"ဒီမှာ ဟေ့လူတွေ၊ ရာဇဝင် လူဆိုးဖိုင်ရှိတဲ့ အခန်း ၂ ခန်းရှိတယ်၊ ဒီတော့ ခင်ဗျားတို့နဲ့ ကျုပ်တို့ အခန်းခွဲပြီး ရှာမှဖြစ်မယ် ...."

ဟုပြောလေရာ စုံထောက်ကိုစိန်မြင့်က ခေါင်းညိတ်၍ ...

"ကျုပ်တို့ကလည်း ခင်ဗျားနဲ့ တစ်ခန်းတည်းအတူ ဖိုင်ရမယ့် အလုပ်ကို စိတ်ညစ်နေတာ"

ဟု ညည်းညူလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက ....

"ဒါဆိုရင် ခင်ဗျားတို့နဲ့ ကျုပ်တို့ အခန်းခွဲပြီး ရှာကြမယ်၊ ကျုပ်တို့က အေအခန်းကိုရှာမယ်၊ ခင်ဗျားတို့က ဘီအခန်းကိုရှာပါ၊ ကျုပ်တို့က တစ်နေကုန် ကြိုးကြိုးစားစားရှာဖို့ ဆုံးဖြတ်ထားတယ်၊ ရာဇဝင်လူဆိုး ရှာတွေ့မယ် ဆိုရင်တော့ မင်းကြီးက ရာထူးတက်ပေးမယ်လို့ ပြောသံကြားတယ်..."

ဟုပြောလေရာ စုံထောက်ကိုစိန်မြင့်တို့ လူစုသည် ရာဇဝင်လူဆိုးကို ရှာဖွေရန် လွန်စွာ စိတ်အားထက်သန်ပြီး ဘိအခန်းထဲသို့ ကမူးရှူးထိုး ပြေးဝင်သွားလေ၏။

၎င်းတို့ အခန်းထဲသို့ ဝင်သွားသော အခါမှပင် စုံထောက် ဦးပေါ်ဦးကြီးသည် စီအိုင်ဒီရုံးခန်း အတွင်းမှ ကတ်ထူပြား တစ်ပြားကိုယူ၍ အိတ်ထဲရှိ

ဖောင်တိန်ကိုထုတ်ကာ အောက်ပါအတိုင်း ရေးလေ၏။

(ရာဇဝင်လူဆိုးစာရင်း ရှာဖွေနေသည်၊ မနှောင့်ယှက်ပါနှင့်)

ထို့နောက်တွင်မူ စုံထောက်ဦးပေါ်ဦးက ကျွန်ုပ်၏လက်ကိုဆွဲ၍ ရာဇဝင်လူဆိုး ဖိုင်များရှိရာ အခန်းသို့ ဝင်ခဲ့လေ၏။

ပြီးနောက် အခန်းတံခါးဝတွင် ကတ်ထူစက္ကူပြားကို သေချာစွာ ချိတ်ဆွဲပြီး တံခါးချက်ကို ချလိုက်လေ၏။

ကျွန်ုပ်က ....

"ဘယ်လိုလဲ ဦးပေါ်ဦး၊ တရုတ်တန်းမှာ ဘီယာသွားသောက်ဆို၊ အခုတော့ အခန်းတံခါးပိတ်ပြီး ဖိုင်တွေ ရှာမလို့လား..."

ဟု မေးမြန်းလေ၏။ စုံထောက်ဦးပေါ်ဦးကြီးက ...

"ကျုပ်လုပ်တာကို ကြည့်စမ်းပါ"

ဟုဆိုကာ အခန်းထောင့်ရှိ ပြတင်းပေါက်ကိုဖွင့်၍ ရုံးဝင်းထဲရှိ လူသူ အရိပ်အယောင်ကို ကြည့်လေ၏။

ပြီးနောက် ကျွန်ုပ်ဘက်သို့လှည့်၍ ...

"အိုင်ပီ၊ ကျုပ်နောက်က လိုက်ခဲ့ပေတော့"

ဟုပြောကာ ပြတင်းပေါ်မှ ခုန်ချလေ၏။

ထိုအခါ ကျွန်ုပ်လည်း ဦးပေါ်ဦးနောက်မှ လိုက်၍ ပြတင်းပေါက်မှ ခုန်ချလိုက်လေ၏။ စုံထောက် ဦးပေါ်ဦးကြီးသည် ပြတင်းပေါက်ကို ဟန်မပျက် ပြန်ပိတ်ပြီး ရုံးဝင်းအနောက်မှ ကွေ့ပတ်ပြီး ထွက်ခဲ့လေ၏။

ကျွန်ုပ်တို့ ရာဇဝင်လူဆိုးများ ရှာဖွေရာ အခန်းသည် စုံထောက်မင်းကြီး ရုံးခန်း၏ အနောက်တွင် ရှိသဖြင့် မင်းကြီး၏ ပြတင်းပေါက်ရှေ့သို့ ရောက်သောအခါ မြေပေါ်တွင်ဝပ်၍ ဖြတ်သန်းရလေ၏။

ကျွန်ုပ်ဖြတ်သန်းပြီး စုံထောက်ဦးပေါ်ဦးကြီး အလှည့်တွင် မင်းကြီးသည် ၎င်း၏ ကော်ဖီကရားထဲမှ ကော်ဖီတစ်ဝက်ခန့်ကို ပြတင်းပေါက်မှ သွန်ချလိုက်ရာ ဦးပေါ်ဦးကြီး၏ ကိုယ်ပေါ်သို့ ကော်ဖီများ စိုရွှဲသွားလေ၏။

ဦးပေါ်ဦးကြီးသည် ကော်ဖီများ ရွှဲရွှဲစိုသွားသဖြင့် မျက်နှာရှုံ့မဲ့ပြီး ကုန်း ကုန်းကုန်းကုန်းနှင့် ပြေးထွက်လာ၏။

၎င်းက မျက်နှာကိုရှုံ့မဲ့၍ ....

"ကံမကောင်းဘူးဗျာ ကော်ဖီနဲ့ပက်တာ ခံလိုက်ရတယ် ..."

ဟု ညည်းညူလေ၏။

ကျွန်ုပ်သည် ဖို့ဒ်ကားစုတ်လေး ရှိရာသို့ ဦးတည်ပြေးလေရာ စုံထောက် ဦးပေါ်ဦးကြီးက ...

"ဟေ့လူ၊ ခင်ဗျား ကားစုတ်ကြီးနဲ့သွားလို့ ဘယ်ဖြစ်မလဲဗျ၊ စီအိုင်ဒီမှာ ကားမရှိရင် သူများတွေ ရိပ်မိသွားမှာပေါ့၊ ကျုပ်တို့ Taxi နဲ့ သွားကြမယ် ..."

ဟုဆိုကာ ရုံးရှေ့သို့ ခပ်သုတ်သုတ်ထွက်၍ အငှားကား တစ်စီးကို ငှားရမ်းကာ တရုတ်တန်းရှိ ရွှေနဂါးဟိုတယ်သို့ ရောက်ခဲ့လေ၏။

ဟိုတယ်သို့ ရောက်သောအခါ သော့တံဆိပ်ဘီယာနှင့် ဒိန်ခဲကို စား သောက်၍ အရသာခံကြလေ၏။ ဟိုတယ်ရှိ စားပွဲထိုးများက ခေါင်းပေါ်ရှိ ပန်ကာကြီးကို တဝီးဝီးမြည်အောင် ဖွင့်ပေးလေရာ ကျွန်ုပ်တို့သည် ပူပြင်းသော ရာသီဥတုတွင် ဇိမ်အကျကြီး ကျနေလေ၏။ ညနေစောင်းသော အခါ မှပင် စုံထောက် ဦးပေါ်ဦးကြီးက အမြည်းများ အားလုံးကို အပြတ်ရှင်းလိုက်ပြီး နာရီကို ငုံ့ကြည့်ကာ ....

"ကျုပ်တို့ရုံးကို ပြန်ဖို့ အချိန်တန်ပြီဗျို့..."

ဟုပြောလေ၏။ ကျွန်ုပ်က ဘီယာဖန်ခွက်ကို စားပွဲပေါ်သို့ ချလိုက်ပြီး ...

"နေပါဦးဗျ၊ ကျုပ်တို့ ရုံးကိုပြန်တာက ဟုတ်ပါပြီ၊ ကျုပ်တို့ကို စုံထောက်မင်းကြီး ရှာခိုင်းတဲ့ ရာဇဝင်လူဆိုးဖိုင် ကိစ္စက ဘယ်လိုရှင်းမလဲဗျ..."

ဟုပြောလေ၏။ ထိုအခါ စုံထောက်ဦးပေါ်ဦးက မျက်နှာရှုံ့မဲ့၍ ...

"ညံ့ပ့ါ အိုင်ပီရာ မတွေ့ဘူးလို့ ပြောလိုက်ရုံပေ့ါ...."

ဟုပြောလေ၏။ ကျွန်ုပ်က စိုးရိမ်ဟန်ဖြင့် ...

"ဟင် ... ဒါဆိုရင် မင်းကြီးရှာခိုင်းတဲ့ ရာဇဝင်လူဆိုးဟာ ကျုပ်တို့ရှာမဲ့ အခန်းထဲက ဖိုင်တွေမှာရှိနေရင် ဘယ်လိုလုပ်မလဲ"

ဟု မေးလေ၏။ စုံထောက်ပေါ်ဦးက

"မရှိပါဘူးဗျာ၊ စိတ်အေးအေး ထားစမ်းပါ၊ ဒီလူဟာ ရာဇဝင်လူဆိုးဖြစ်မှန်း သေချာရင် ကျုပ်တို့ မရှာခင် ဆားပုလင်းမင်းအောင်က အရင်ရှာပြီးနေပြီ၊ မင်းကြီးက ဒါကို သဘောမပေါက်ဘဲ အူကြောင်ကြောင်နဲ့ ရှာခိုင်းနေတာ၊ ကျုပ်က ဒါကို အစကတည်းက သဘောပေါက်လို့ အပင်ပန်းခံပြီး ရှာဖို့ကို မစဉ်းစားဘူး၊ ဒါကြောင့် တရုတ်ဟိုတယ်မှာ ဘီယာနဲ့သွားပြီး ဇိမ်ယူနေတာပဲ၊ သဘောမပေါက်ရှာတဲ့ ကိုစိန်မြင့်တို့ လူစုကတော့ အခုလောက်ဆိုရင် တောင်ပုံရာပုံ လောက်ရှိတဲ့ ဖိုင်တွဲတွေကြားမှာ ချွေးတလုံးလုံးနဲ့ ရှိနေမှာ မြင်ယောင်တယ်ဗျို့..."

ဟုပြောလေတော့၏။ ထိုအခါမှပင် ကျွန်ုပ်လည်း ရင်ထဲတွင် စိုးရိမ်သောကများ ပျောက်ကွယ်သွားပြီး ....

"ဟုတ်တယ်ဗျို့ ကျုပ်က ဒီအချက်ကို မစဉ်းစားမိဘူး၊ ဒါဆိုရင် ကျုပ်တို့နှစ်ယောက် ရုံးခန်းထဲ ခိုးဝင်ပြီး ဟန်မပျက်နေရုံပဲ"

ဟုပြောလေရာ ဦးပေါ်ဦးကြီးက တဟဲဟဲ ရယ်မော၍ ...

"ဒါပေ့ါဗျာ ...."

ဟုပြောလေ၏။ ကျွန်ုပ်တို့ စုံထောက်ကျော် နှစ်ဦးသည် အငှားကား တစ်စီးကို ငှားရမ်း၍ စီအိုင်ဒီသို့ ပြန်ခဲ့လေတော့၏။

ရုံးနှင့် မလှမ်းမကမ်းသို့ ရောက်သောအခါ ကားပေါ်မှဆင်း၍ ရုံးရှိရာသို့ ခြေလျင် လျှောက်ခဲ့လေ၏။

ရုံးဝင်းထဲသို့ ရောက်သောအခါ လူသူ အရိပ်အယောင်ကိုကြည့်၍ ဖိုင်တွဲများရှိရာ အခန်းသို့ ပြေးလေတော့၏။ ပြတင်းပေါက် အနီးသို့ ရောက်သောအခါ ဦးပေါ်ဦးက ကျွန်ုပ်ဘက်သို့လှည့်၍ လက်မထောင်ပြလေ၏။

ပြီးနောက် ဦးပေါ်ဦးကြီးက ပြတင်းပေါက်ကို မျက်လှည့်ဆရာ တစ်ဦး၏ အမူအရာမျိုးဖြင့် ဟန်ပါပါ ဖွင့်လေရာ ပြတင်းပေါက် မပွင့်သဖြင့် မျက်လုံးပြူးသွားပြီး ...

"…. ဟိုက် ... ပြဿနာပဲ၊ ပြတင်းပေါက်ဖွင့်လို့ မရတော့ဘူး ဘာဖြစ်တာပါလိမ့် ..."

ဟု ရေရွတ်လေ၏။

ထိုအခါ ကျွန်ုပ်လည်း ဦးပေါ်ဦးကြီးနှင့်အတူ ပြတင်းပေါက်ကို အားစိုက်၍ တွန်းဖွင့်လေ၏။ သို့သော် ပြတင်းပေါက်မှာ လေတိုက်၍ လှုပ်ခပ်ရာမှ ချက်ကျသွားဟန်ရှိပြီး ဖွင့်လို့မရတော့ချေ။ ဦးပေါ်ဦးကြီးက ချွေးသီးချွေးပေါက်များ ကျလာပြီး ...

"ဟိုက်၊ အဲဒါမှ တကယ့်ပြဿနာပဲ၊ ကျုပ်က ရုံးဆင်းချိန် ရောက်တော့မှ အခန်းထဲက ဟန်ပါပါ ထွက်ပြီး ကိုစိန်မြင့်တို့ လူစုရှေ့မှာ တစ်နေကုန် ဖိုင်တွဲတွေရှာတဲ့ အမူအရာမျိုး လုပ်နေမယ်လို့ ရည်ရွယ်ထားတာဗျ၊ ရှေ့က တံခါးမကြီးကလည်း အတွင်းထဲက ချက်ချထားပြီးပြီ၊ ပြတင်းပေါက် ကလည်း အလိုအလျောက် ပိတ်သွားပြီ ဆိုတော့ ကျုပ်တို့အခန်းထဲ ဘယ်လိုမှ

ဝင်လို့မရတော့ဘူး ..."

ဟုပြောလေ၏။ ထိုအခိုက်မှာပင် ကျုပ်တို့ နောက်နားမှ ခြေသံလိုလို ကြားရပြီး ...

"လူကလေးတို့နှစ်ယောက် ပြတင်းပေါက်နားမှာ ဘာလုပ်နေတာလဲ ..."

ဟူသော မေးမြန်းသံကို ကြားလိုက်ရသဖြင့် ကျွန်ုပ်တို့စုံထောက် ကျော်နှစ်ဦးသည် အနီးကပ် ဗုံးခွဲခံရသကဲ့သို့ တုန်လှုပ်သွားပြီး နောက်သို့ လှည့်ကြည့်လိုက်ရာ မျက်မှောင်ကြုတ်၍ ကြည့်နေသော စုံထောက်မင်းကြီးကို တွေ့ရလေ၏။ မင်းကြီးသည် ရုံးခန်းမှ ကားရှိရာသို့ လမ်းလျှောက်လာစဉ် ကျွန်ုပ်တို့နှစ်ဦးကို မြင်ရခြင်း ဖြစ်နိုင်၏။

စုံထောက်မင်းကြီးက တုန်လှုပ် ချောက်ချားနေသော ကျွန်ုပ်တို့၏ အမူအရာကိုကြည့်၍ ...

"ကျွန်ုပ်မေးတာကို ဖြေလေ လူကလေး၊ ဘာကြောင့် ကြည့်နေလဲ ...."

ဟု မေးမြန်းလေ၏။ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် ထိတ်လန့်တုန်လှုပ်စွာဖြင့် တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်လေ၏။ ကျွန်ုပ်တို့နှစ်ဦး၏ ပြစ်မှုသည် မင်းကြီး ဒေါသူပုန်ထပြီး အလုပ်ဖြုတ်ပစ်နိုင်သော ပြစ်မှုဖြစ်၏။ စုံထောက် ဦးပေါ်ဦးကြီးသည် မင်းကြီး၏ မျက်နှာကို အားတင်းပြီး ပြုံးပြလိုက်ကာ ...

"ဒီလိုပါ သခင်၊ ပြတင်းပေါက်က မကောင်းဘူး ဖြစ်နေတယ် ဒါကြောင့် စစ်ဆေးကြည့်နေတာပါ"

ဟု ဖြေမိဖြေရာ ဖြေလိုက်၏။ မင်းကြီးက ရှေ့သို့တိုး၍ ပြတင်းပေါက်ကို ကြည့်ကာ ...

"ဘယ်လို မကောင်းတာလဲ လူကလေး ...."

ဟု မေးမြန်းလေ၏။ စုံထောက် ဦးပေါ်ဦးကြီးက ခေါင်းကုတ်၍ ...

" ... ဟို ချက်မကောင်းတာပါ၊ ချက်က မခိုင်တော့ဘူး ပြတ်ချင်နေပြီ"

ဟုပြောလိုက်၏။ ကျွန်ုပ်သည် ကြောက်လွန်း၍ ချွေးသီးချွေးပေါက်များ ကျနေပြီး ဖြစ်နိုင်လျှင် မင်းကြီးအနီးမှ ထွက်ပြေးချင်လှ၏။

မင်းကြီးက မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် ...

"အိုးဂေါ့ ရာဇဝင် လူဆိုးတွေရဲ့ ဖိုင်ရှိတဲ့ အခန်းက မလုံခြုံဘူးဆိုရင် အန္တရာယ် သိပ်ရှိနေပြီ၊ ကဲ ... ကျွန်ုပ်ကို တံခါးဖွင့်ပြစမ်းပါ ..."

ဟု အမိန့်ပေးလိုက်ရာ ကျွန်ုပ်နှင့် စုံထောက် ဦးပေါ်ဦးသည် သည်တစ်ချီ တော့ ကျိန်းသေပေါက် အလုပ်ပြုတ်ပြီဟု တွေးတောကာ ခေါင်းကို ဆယ် ပေါင်တူနှင့် အထုခံလိုက်ရ သကဲ့သို့ ဖြစ်သွား၏။

ထိုအခိုက်မှာပင် အခန်းထဲမှ ချက်ဖွင့်သံ ထောက်ခနဲ ကြားရပြီး ပြတင်းပေါက် ပွင့်လာလေရာ ကျွန်ုပ်နှင့် စုံထောက်ဦးပေါ်ဦးသည် အခန်းထဲ ရှိ ကယ်တင်ရှင်ကို တအံ့တသြ ကြည့်လိုက်ရာ ကျွန်ုပ်တို့ မိတ်ဆွေကြီး ဆား ပုလင်းမင်းအောင်ကို တွေ့ရလေ၏။ စုံထောက်မင်းကြီးက ကိုမင်းအောင်ကို ကြည့်၍ ...

"ဆားပုလင်း မင်းအောင်လည်း အခန်းထဲမှာ ရှိနေတာကိုး၊ ကောင်းတယ်၊ ကောင်းတယ်၊ ဆားပုလင်း မင်းအောင်ကိုယ်တိုင် ရာဇဝင်လူဆိုးဖိုင်ကိုရှာ ရင် ကျွန်ုပ်ကောင်းကောင်း စိတ်ချသွားပြီ"

ဟု ချီးမွမ်းကာ ပြတင်းပေါက်ကို သေချာစွာကြည့်ရှု၍ ...

"ပြတင်းပေါက်တွေ မကောင်းတော့ဘူး၊ ဆွေးနေပြီ၊ အမြန်ဆုံး ပြုပြင်ခိုင်း ရမယ် "

ဟု ရေရွတ်ကာ ကျွန်ုပ်တို့အနီးမှ ထွက်ခွာသွားလေတော့၏ မင်းကြီး

ထွက်ခွာသွားသော အခါမှပင် ကျွန်ုပ်က ချွေးသီးချွေးပေါက်များကို လက်ကိုင်ပဝါဖြင့် သုတ်၍ ...

"တော်ပါသေးရဲ့ ကိုမင်းအောင်ရယ်၊ ကိုမင်းအောင်သာ မကယ်ရင် ကျွန်တော်တို့နှစ်ယောက် အလုပ်ပြုတ်ဖို့ ကျိန်းသေနေပြီ"

ဟု ပြောလေ၏။

ဆားပုလင်းမင်းအောင်က ရယ်မော၍ ...

"ဒီနေ့ မမျှော်လင့်ဘဲ ရုံးကိုရောက်တော့ ရာဇဝင် လူဆိုးဖိုင်ရှိတဲ့ အခန်း၀မှာ ဦးပေါ်ဦး လက်ရေးနဲ့ စာကိုတွေ့ရတယ်၊ ဒီစာကို တွေ့ကတည်းက ကျုပ်ကရိပ်စား မိလိုက်တယ်"

ဟုပြောလေရာ စုံထောက်ဦးပေါ်ဦးက နားမလည်ဟန်ဖြင့်

"ဘာကိုရိပ်စားမိတာလဲ"

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ....

"ဒီလိုအခန်း၀မှာ စာတစ်တန် ပေတစ်တန်ရေးပြီး ချိတ်ဆွဲထားကတည်းက ဦးပေါ်ဦးကို အလုပ်တကယ် မလုပ်ဘဲ အခန်းထဲမှာ အိပ်နေရင်နေ၊ မနေရင်တော့ ပြတင်းပေါက်က ထွက်ပြီး မြို့ထဲမှာ တစ်ခုခု သွားစားမယ်လို့ ကျွန်တော် သံသယရှိတယ်၊ ပြတင်းပေါက်ကနေ လှည့်သွားပြီး တံခါး ဖွင့်ကြည့်လိုက်တော့ ထင်တဲ့အတိုင်း အခန်းထဲမှာ အိုင်ပီတို့ ရှိမနေဘူး၊ ဒါကြောင့် စာအုပ်တစ်အုပ်ကို ဖတ်ရင်း ထိုင်စောင့်နေတာ၊ စာအုပ်က စိတ်ဝင်စားဖို့ ကောင်းလွန်းလို့ ပြတင်းပေါက်မှာ အိုင်ပီတို့ ရောက်နေတာ သတိမပြုမိလိုက်ဘူး၊ မင်းကြီးနဲ့ စကားပြောသံကြားမှ ထွက်ကြည့်မိတယ်"

ဟုပြောလိုက်ရာ ကျွန်ုပ်က သက်ပြင်းချ၍ ...

"ကိုမင်းအောင် ထွက်ကြည့်လို့ တော်သေးတာပေါ့ဗျာ ...."

ဟုပြောကာ ပြတင်းပေါက်မှ ကျော်တက်လိုက်၏။

ဦးပေါ်ဦးကြီးလည်း ကျွန်ုပ်၏ အနောက်မှ ကျော်တက်လာပြီး ....

"ပန်းပဲဆရာ အသတ်ခံရမှုနဲ့ ပတ်သက်ပြီး ဘာသဲလွန်စတွေ ရသလဲ ...."

ဟု မေးမြန်းလေ၏။ ဆားပုလင်းမင်းအောင်က ခေါင်းခါ၍

"လောလောဆယ်တော့ သဲလွန်စတွေ ပျောက်နေသေးတယ်၊ ရန်ငြိုးရန်စကြောင့် ကျူးလွန်တယ် ဆိုပေမဲ့ မိန်းကလေးဟာ သေသေချာချာ အကွက်ချပြီး ကျူးလွန်သွားတာဗျ၊ သူဟာ ပုလဲခင်တို့၊ မြနှင်းဆီတို့ထက် ပိုကြောက်ဖို့ကောင်းတာက အဆင့်မြင့် သိုင်းပညာရှင်တစ်ယောက် ဖြစ်နေလို့ပဲ"

ဟု ပြောလေ၏။ ထိုအခါ ကျွန်ုပ်က သက်ပြင်းချ၍ ...

"ဒါဆို သူ့ကို ဖမ်းဆီးတဲ့အခါ ထိုးလားကြိတ်လား ကိစ္စတွေ လုပ်ရဦးမယ်နဲ့ တူတယ်၊ မိန်းမ တစ်ယောက်နဲ့ ယှဉ်ပြီး သတ်ပုတ်ရမယ့် ကိစ္စမျိုးကို မလုပ်ချင်ပါဘူး"

ဟု ညည်းညူလေ၏။ ဆားပုလင်းမင်းအောင်က ...

"သူ့ကို မိန်းမတစ်ယောက်ဆိုပြီး အထင်သေးလို့ မရဘူး၊ ပန်းပဲဆရာလို လူသန်ကြီး တစ်ယောက်ကို အနိုင်တိုက်ခိုက်သွားတာသာ ကြည့်ပေတော့ ...."

ဟုပြောလေရာ စုံထောက်ဦးပေါ်ဦးကြီးက ရယ်မော၍ ...

"မိန်းမလှလေး တစ်ယောက်နဲ့ သတ်ပုတ်ရမယ် ဆိုရင်တော့ ဘယ်လောက် ကြောက်စရာ ကောင်းကောင်း သတ်ပုတ်မယ်ဗျာ ကျုပ်လည်း နပန်းပညာ ကောင်းကောင်း တတ်ပါတယ်ဗျ"

ဟုပြောလေ၏။ ကျွန်ုပ်ကရယ်မော၍ ....

"ခင်ဗျား နပန်းပညာ ဘယ်လောက်ကောင်းကောင်း၊ ခင်ဗျား မိန်းမကြီး

ကိုတော့ အရှုံးပေးရတာပဲ မဟုတ်လား"

ဟု နောက်ပြောင်လေရာ ကျွန်ုပ်တို့ စုံထောက်ကျော်များသည် တဝါးဝါး တဟားဟား ရယ်မောလိုက်လေတော့၏။

***